# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါဆိုလဆန်း (၁၃)ရက် ၊ တနင်္လာနေ့ ၊ (7-7-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၆၈)


ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲမင်္ဂလာအခမ်းအနား ကျင်းပ



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇူလိုင် ၆**

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊ လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၁၈၊ ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

Myanmar MOBILE MONEY anywhere anytime anyone



ရတနာပုံ
၂၀၂၅ ခုနှစ် ဇူလိုင် ၇ ရက်
အယ်ဒီတာ့အာဘော်

# သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ဖို့ မိုးရာသီသစ်ပင်စိုက်ကြစို့

"သစ်ပင်စိုက်ပါတို့ကမ္ဘာ၊ သာယာလှပစိမ်းမြမြ" ဆိုသည့်အတိုင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များကိုစိုက်ပျိုးကြရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် အရိပ်အာဝါသကိုရရှိစေသည့်အပြင် သစ်ပင်စိုက်ပျိုးသူများအတွက်လည်း ကုသိုလ်ထူးကိုရရှိစေမည်ဖြစ်သည်။

ထို့ကြောင့် ရာသီဥတုမျှတစေရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ဂေဟစနစ်ကောင်းမွန်စေရန်၊ နောင်အနာဂတ် မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်အမွေအနှစ်ကောင်းများ ပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်သစ်တောများ၏ စစ်မှန်သည့်တန်ဖိုးကိုနားလည်ပြီး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်းပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ နှစ်စဉ်မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို နိုင်ငံတော်က ဦးစီးဦးဆောင်လုပ်ပြီး နိုင်ငံတစ်ဝန်းကျင်းပပြုလုပ်လျက်ရှိပေသည်။

**"သစ်ပင်များသည် ကမ္ဘာမြေကြီးနှင့် လူသားများအတွက် များပြားလှသည့် အကျိုးကျေးဇူးများကို ပေးစွမ်းလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ သုတေသနပညာရှင်များ၏ လေ့လာမှုအရ သစ်ပင်များရှိသည့်၊ စိမ်းလန်းစိုပြည်နေသည့် ပတ်ဝန်းကျင်တို့သည် စိတ်ဖိစီးမှုကို လျှော့ချပေးပြီး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို တိုးတက်စေနိုင်သည်ဟုဆိုကြောင်း၊ သစ်ပင်များနှင့် ပြည့်နေသည့် ပန်းခြံများ၊ လမ်းမများ၊ ကျေးလက်နှင့် မြို့ပြများသည် လမ်းလျှောက်ရန်၊ အပန်းဖြေရန်၊ အရိပ်ရရန်တို့အပြင် အေးချမ်းသည့်သဘာဝအလှနှင့် ထိတွေ့ခြင်းအားဖြင့် လူသားများ၏ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများဖြစ်ထွန်းစေကြောင်း၊ ထို့ကြောင့်သစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်၏ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်သစ်များအတွက် အလွန်အရေးကြီးပြီး အကျိုးကျေးဇူးကြီးမားစေသည့် သဘာဝရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း"** ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ဇူလိုင်၄ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သစ်ပင်စိုက်ပျိုးခြင်းဟူသည်မှာ ရိုးရှင်းသည့်သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သစ်ပင်တစ်ပင်စိုက်ပျိုးလိုက်သည့်အခါ အဆိုပါသစ်ပင်ကြီးရှင်သန်ကြီးထွားနေသမျှ ကာလပတ်လုံး ရရှိလာမည့် အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့်မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်မှုစသည့် အကျိုးကျေးဇူးများအားလုံးသည် စိုက်ပျိုးခဲ့သည့်သူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်သည်။ ထို့ကြောင့် ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာပေးစွမ်းနိုင်မည်ဖြစ်ပေသည်။ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် သစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို လူတို့လှူပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကိုခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိစေနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံးကလည်း ကုသိုလ်အကျိုးထူးကိုရရှိပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၈၁၆၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၈၁၆၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၀၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ်မေလ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၁၆၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၀၉ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၂၀၀၂၄ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၈၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးတာ၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိဖို့ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့်သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုပြည်ပသို့ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင် ပို့ရောင်းချလျက်ရှိပြီး မေလက ငါးပြေမပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမငါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန်အများအပြားပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချတာ များပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ကို ငွေကျပ် ၁၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးခဲ့သည့် အိမ်တို့အတွက်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ



**မန္တလေး ဇူလိုင် ၆**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် မန္တလေးငလျင်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးခဲ့သည့် ဝါးထရံကာအိမ်၊ တစ်ထပ်ပျဉ်ထောင်အိမ်၊ နှစ်ထပ်ပျဉ်ထောင်အိမ်နှင့် တိုက်ခံအိမ်တို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၅ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် အိုးအိမ်ပစ္စည်းများ ဆုံးရှုံးခြင်း၊ လူ့အသက်များ ဆုံးရှုံးခြင်း၊ ဒဏ်ရာရရှိခြင်းများကြုံတွေ့ခဲ့ရကြောင်း၊ ငလျင်ဘေးသင့်ဒေသများတွင် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ငလျင်ဘေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် တိုင်းဒေသကြီးအတွင်းမှ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များ အတွက် ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ အမရပူရမြို့နယ်၊ တံတားဦးမြို့နယ်၊ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်တို့မှ ထောက်ပံ့ငွေရရှိသော ပြည်သူများအတွက် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများထံသို့ စုစုပေါင်း ငွေနှင့်ပစ္စည်းထောက်ပံ့မှု တန်ဖိုး ငွေကျပ် ၃၈ ဒသမ ၆၁ ဘီလီယံကျော်ကို ပေးအပ်ခဲ့ပြီးနောက် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထောက်ပံ့ငွေများကို ပြည်သူများလက်ဝယ်ထံ ချက်ချင်း ထုတ်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့်ထောက်ပံ့ပေးအပ်မှုအစီအစဉ် အနေဖြင့် မန္တလေးတိုင်းဒေသကြီး အတွင်း လုံးဝပျက်စီးအိမ်ခြေ ၆၆၂၉ လုံးနှင့် တစ်စိတ်တစ်ပိုင်း ပျက်စီး အိမ်ခြေ ၂၂၃၉၂ လုံး စုစုပေါင်းအိမ်ခြေ ၂၉၀၂၁ လုံးတို့ အတွက် ငွေနှင့်ပစ္စည်း စုစုပေါင်း ထောက်ပံ့မှုတန်ဖိုးငွေကျပ်၉၇၂၄၈၂ ဒသမ ၈၀ သန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ရေဦးမြို့နယ်တွင် နွေစပါး ၃၂၆၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ် တစ်ကေလျှင် ၇၈ ဒသမ ၁၂ တင်းထွက်ရှိ

**ရေဦး ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၂၆၂ ကေထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၃၆ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ဇွန်လ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၂၆၂ ကေ ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၇၈ ဒသမ ၁၂ တင်းထွက်ရှိကြောင်း သိရသည်။

"ရေဦးမြို့နယ် ဒီနှစ်နွေသီးနှံ စိုက်ပျိုးရာသီ စပါး ကေ ၈၀၀၀ ကျော် စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နွေစပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ကေ ၃၀၀၀ ကျော် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာတွေပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် နွေစပါး စိုက်တောင်သူများအနေဖြင့် တစ်ကေအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို တစ်ကေ ပန်းတိုင်အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကြာအင်းဆိပ်ကြီးမြို့နယ် အကလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အကလောကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် ဝန်ထမ်းများက အကလောကျေးရွာ၌ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဟိန်းမင်းက စီမံကိန်းရေရှည် တည်တံ့ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင် ကျေးရွာ စီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး နဝမ နှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၃၁ သိန်း ထုတ်ချေးထားကြောင်း သိရသည်။

**ကိုသက်**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဒေသထွက်ဖူးစားပြောင်း အဖူးရေ ၁၈၅၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့

**ဇလွန် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဖူးစားပြောင်းအဖူးရေ ၁၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလအတွင်းက ဒေသထွက် ဖူးစားပြောင်းအဖူးရေ ၁၂၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇွန်လအတွင်း ဖူးစားပြောင်းအဖူးရေ ၁၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်းက ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ဖူးစားပြောင်းအဖူးရေ ၁၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့နယ်ကနေ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းနေလို့ အရောင်းအဝယ်ကောင်းလာတာ ဖြစ်ပါတယ်။ အခုလို ကုန်ပစ္စည်းတွေများများ တင်ပို့ရောင်းချနေရတော့ ပြောင်းစိုက်တောင်သူတွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလာပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ဖူးစားပြောင်းတွေက အရည်အသွေးကောင်းပါတယ်"ဟု ဇလွန်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ဇလွန်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ကုန်တင်ကားများဖြင့် ပြန်လည်ဖြန့်ဖြူး ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းပြီး ဖူးစားပြောင်းအဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀ မှ ၃၅၀၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဖူးစားပြောင်း အရောင်းအဝယ်ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ခေါင်းဆောင်မှာရှိထိုက်တဲ့ အရည်အချင်း

## ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

ခေါင်းဆောင်မှုအကြောင်းက စိတ်ဝင်စားစရာ အလွန်ကောင်းပါတယ်။ ခေါင်းဆောင်မှုမှာ လူအများ မသိကြတဲ့ လျှို့ဝှက်ချက်တွေလည်းရှိတယ်။ ခေါင်းဆောင်မှုရှိတဲ့ အဖွဲ့အစည်းအသင်းအပင်းနဲ့ ခေါင်းဆောင်ရေရေရာရာမရှိတဲ့ အသင်းအဖွဲ့ချင်း ယှဉ်ရင် ခေါင်းဆောင်ရှိတဲ့ဘက်က သိသိသာသာ အရာရာပိုသာကြောင်း တွေ့ရလိမ့်မယ်။ လူတစ်ယောက်အတွက် ခေါင်းဆောင်မှုအရည်အသွေး ရှိရင် ခေါင်းဆောင်မှုအရည်အသွေးမရှိသူတွေထက် အများကြီးကွာခြားလှကြောင်း သိနိုင်ပါတယ်။

လူတစ်ဦးချင်းစီသာမက ကျေးရွာ၊ ရပ်ကွက်၊ မြို့၊ ခရိုင်၊ နိုင်ငံ၊ ဌာန၊ အဖွဲ့အစည်းဘယ်မှာမဆို အရည်အချင်းရှိတဲ့ ခေါင်းဆောင်မှုပြည့်စုံကြရင် အောင်မြင်တိုးတက်ကြောင်း သက်သေသာဓကဖော်ပြနိုင်တဲ့ အထောက်အထားတွေ အများကြီးရှိပါတယ်။ ဒါကြောင့် ခေါင်းဆောင်မှုအရည်အချင်းဟာ လူမျိုးဘာသာမခွဲ၊ ကျား၊ မ မခွဲ၊ အသက်အရွယ်မရွေး၊ နေရာဒေသမရွေး လူတိုင်းသိလေ အကျိုးရှိလေပါ။

**ညီညွတ်ရေး**

ခေါင်းဆောင်ကောင်းရင် အဖွဲ့အစည်းက အချင်းချင်းစည်းလုံးညီညွတ်တယ်။ သံယောဇဉ်ခိုင်မာတယ်။ အပြန်အလှန်လေးစားတယ်။ တစ်ဦးအပေါ်တစ်ဦး အနစ်နာခံတယ်။ သည်းခံခွင့်လွှတ်တယ်။ အစေးကပ်တယ်။ မိသားစုတွေအချင်းချင်းပဲ နှိုင်းယှဉ်ကြည့်လိုက်၊ ဥပမာ မိသားစုနှစ်စု၊ ချမ်းသာချမ်းသာ၊ ဆင်းရဲဆင်းရဲ စည်းလုံးညီညွတ်တဲ့မိသားစုရဲ့ အိမ်ထောင်စုဟာ ပျော်ရွှင်စရာကောင်းတယ်။ သာယာကြည်လင်တယ်။

သမဂ္ဂါနံ တပေါ၊ သုခေါလို့ မြတ်စွာဘုရား ဟောတော်မူတယ်။ ညီညွတ်စည်းလုံးခြင်းဟာ ချမ်းသာကို ဆောင်ယူလာတယ်တဲ့။ ကြီးပွားအောင်မြင်စေတဲ့ အကြောင်းတရားပေပဲ။ ခေါင်းဆောင်မှုကောင်းရင် မြို့၊ ရွာ၊ ရပ်ကွက်၊ မိသားစုသာမက တိုင်းပြည်နိုင်ငံလည်း အလားတူပဲ။ ခေါင်းဆောင်မှုအရည်အသွေးရှိရင် ဘာဖြစ်သလဲ။ အဲဒီလူ့အဖွဲ့အစည်းဟာ ဒီလိုလက္ခဏာတွေရှိလာတယ်။

1. **စည်းလုံးညီညွတ်မှု(Unity)**
2. **အစီအစဉ်ကျနမှု(Order)**
3. **ကျစ်လျစ်သိပ်သည်းမှု(Brevity)**
4. **အချင်းချင်းထိတွေ့ဆက်ဆံပြေပြစ်မှု(Cohesion)**
5. **ကိုယ်ပိုင်စွမ်းရည်မြင့်မားမှု (Development of Personal Touch.)**

**ရှေးက**

သမိုင်းနောက်ကြောင်းပြန်ကြည့်ရင် မြန်မာဟာ မိမိနိုင်ငံ မိမိလူမျိုးထက် လူဦးရေအဆပေါင်းများစွာ ရှိကြတဲ့ (ယခုဆို တရုတ်က သန်း ၁၄၀၀၊ အိန္ဒိယက လည်း သန်း ၁၄၀၀၊ လူဦးရေအင်အားရှိနေကြပြီ။ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝ၊ ပင်းယခေတ်၊ ကုန်းဘောင်ခေတ်တွေမှာဆိုရင် မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၄-၅-၁၀ သန်းလောက်သာရှိပေမှာပေါ့) အိမ်နီးချင်းနိုင်ငံကြီးများနဲ့ သံတမန်ဆက်ဆံရေး အဆင်ပြေအောင် နေတတ်တယ်။ ကျူးကျော်လာရင် စစ်ရေးချင်းယှဉ်ပြီး တွန်းလှန်တိုက်ထုတ်နိုင်တယ်။ သူတို့ဆီက ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို မိမိရေမြေ တောတောင်နဲ့ ဆီလျော်ကိုက်ညီအောင် ကောင်းနိုးရာရာအတုယူတယ်။

တိုက်ပုံအင်္ကျီဆိုတာ တရုတ်အဝတ်အစား။

ပုဆိုးဆိုတာ အိန္ဒိယလူမျိုးတွေဆီက။ မြန်မာတွေဟာ ရှေးကရှမ်းတွေလိုမျိုး ဘောင်းဘီရှည်ပွပွဝတ်ခဲ့ကြတာ။ စိုက်ပျိုးရေးအဓိက လူမျိုး။ ဆန်စပါး၊ ပဲ ပြောင်း၊ ဝါ စိုက်ခဲ့ကြတဲ့ တောင်သူလယ်သမားအများစု လူမျိုးလေ။ လူဦးရေနည်းပါးပြီး အာဏာစက်စိုးမိုးတဲ့ နိုင်ငံနယ်မြေက သိပ်ကျယ်ဝန်းနေတော့ အရွယ်ရောက်သူ၊ ကျန်းမာသူ ယောကျ်ားမှန်သမျှ မိမိရပ်ရွာမှာပဲ ဓားခုတ်၊ လှံထိုး၊ မြားပစ်၊ ဆင်စီး၊ မြင်းစီး၊ လေ့လှော်၊ အတတ်ပညာတွေကို ပွဲကျောင်းဘုန်းကြီး၊ အသက်အရွယ်ကြီးသူတွေက သင်ပေးကြတယ်။ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ရေး၊ အခွန်အကောက်အရေး၊ သံတမန်ရေး အဆင်မပြေတင်းမာခဲ့ရင် စစ်ရေးအရ အောင်မြင်အောင် တိုက်ထုတ်နိုင်တဲ့ လက်ရုံးရည်ပြည်ဝတဲ့လူမျိုးပေါ့။ လူဦးရေနည်းသော်လည်း မျိုးချစ်စိတ်နဲ့ ဇာတိမာန်ရှိတယ်။

**ဇာတိမာန်**

ဒါကြောင့်လည်း အရှေ့တောင်အာရှနိုင်ငံ ၁၀ နိုင်ငံမှာ (ကျွန်းတွေများစွာပါဝင်လို့)အင်ဒိုနီးရှား တစ်နိုင်ငံကလွဲရင် မြန်မာဟာ ပိုင်နက်နယ်မြေ ဧရိယာ စတုရန်းမိုင်ပေါင်း (နှစ်သိန်းခြောက်သောင်းကျော်) အကျယ်အဝန်းဆုံးနိုင်ငံတော်ပဲ။ သမိုင်းတစ်လျှောက်ရဲ့စွမ်းသတ္တိပြည့်ဝတဲ့ စစ်သားလူမျိုးဆိုတာ ပတ်ဝန်းကျင်နိုင်ငံအားလုံးက သိထားနားလည်ကြပါတယ်။ တောတောင်ရေမြေ၊ ပင်လယ်၊ အကျယ်ကြီးလေ။

ရှေးရိုးစဉ်လာ မြန်မာ့ဓလေ့ထုံးစံအရ စံသဘောသတ်မှတ်ထားကြတဲ့ ခေါင်းဆောင်မှုဆိုင်ရာ အရည်အသွေးတွေရှိခဲ့ကြပါတယ်။ အင်မတန်အလေးထားတယ်။ အထူးအရေးကြီးပါတယ်။ ဘာသာတရားအဆုံးအမအပေါ် အခြေခံတဲ့ မိမိတို့လူမျိုးရဲ့ အဖိုးတန်အမွေအနှစ်တွေပါပဲ။ မျက်စိနဲ့ မမြင်ရပေမဲ့ လူသားတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းဖြစ်စေ လက်တွေ့လိုက်နာကျင့်သုံးသလောက် ကောင်းကျိုးထိရောက်တဲ့ အသိပညာတွေပါ။ တန်ဖိုးသိကြ၊ အသုံးချ။

**နာယကဂုဏ် ၆ ပါး**

| | | |
|---|---|---|
| ၁။ | ခမာ | - သည်းခံနိုင်စွမ်းရှိခြင်း |
| ၂။ | ဇာဂရိယ | - နိုးကြားခြင်း |
| ၃။ | ဥဋ္ဌာန | - ငယ်သားများထက် သာလွန်တဲ့ လုံ့လရှိခြင်း၏ |
| ၄။ | သံဝိဘာဂ | - လျော်ကန်တော်တန်သူကို ချီးမြှောက်ထောက်ပံ့ခြင်း |
| ၅။ | ဒယာ | - ကိုယ်ချင်းစာနာ၊ ကြင်နာတတ်ခြင်း |
| ၆။ | ဣက္ခနာ | - တွေးခေါ်မြော်မြင် ဆင်ခြင်ဉာဏ်နဲ့ပြည့်စုံခြင်း |

**ခေါင်းဆောင်သူမှာရှိရမယ့် အသိဉာဏ် ငါးပါး**

နာယက၊ ဥက္ကဋ္ဌ၊ အကြီးအကဲ၊ ခေါင်းဆောင်၊ အရာရှိ၊ တာဝန်ခံ၊ တပ်မှူး စတဲ့ပုဂ္ဂိုလ်မျိုးဟာ သိရမယ့်(ညူ ၅ ပါး)ဉာဏ် ငါးပါး ပြည့်စုံရပါမယ်။ ပြည့်စုံအောင် လေ့လာ၊ လေ့ကျင့်၊ ချင့်ချိန်တတ်ရပေမယ်။

| | | |
|---|---|---|
| ၁။ | အတ္တညူ | - အကျိုးစီးပွားရှိမယ်၊ မရှိဘူး သိရပါမယ်။ |
| ၂။ | ဓမ္မညူ | - တရားကောင်းနဲ့ ညီ၊ မညီကို သိရပါမယ်။ |
| ၃။ | မတ္တညူ | - အတိုင်းအရှည်ကို သိရပါမယ်။ |
| ၄။ | ကာလညူ | - အချိန်အခါ၊ အခါအခွင့်သင့်၊ မသင့်ကို သိရပါမယ်။ |
| ၅။ | ပရိသညူ | - ပရိသတ်၊ လူထုရဲ့စိတ်နေစိတ်ထားကို သိရပါမယ်။ |

**❖လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ၊ ခေါင်းဆောင်မှုဆိုင်ရာအရည်အချင်းတွေကိုတော့ အစဉ်သဖြင့် ပိုမိုပြည့်စုံအောင် လေ့ကျင့်လိုက်နာကျင့်သုံးနေကြရမှာပဲဖြစ်ပါတယ်။ ပြည်သူပြည်သားအချင်းချင်း ဆက်ဆံဆက်သွယ်ရာမှာဖြစ်စေ၊ ပြည်ပနိုင်ငံခြားသားများ၊ ဝန်ထမ်းအချင်းချင်း၊ လုပ်ငန်းဆောင်တာဆက်သွယ်ရသူချင်း တွေ့ဆုံဆက်ဆံရတဲ့အခါမှာဖြစ်စေ မိမိဘက်က ခေါင်းဆောင်မှုအရည်အသွေးများ ပြည့်ဝအောင် လေ့ကျင့်လိုက်နာနေတဲ့လူဟာ တန်းတူသာမက အသာစီးအထက်စီးက အရေးသာမှာပဲဖြစ်ပါတယ်။❖**

**ခေါင်းတစ်လုံး**

လူတစ်ယောက်ဟာ လုပ်ငန်းဆောင်တာ အရာရာမှာ တိုးတက်ကြီးပွားအောင်မြင်နေတယ်ဆိုရင် သူဟာစီးပွားရေးသမားပဲဖြစ်ဖြစ်၊ အနုပညာသမားပဲဖြစ်ဖြစ်၊ ပညာရှင်၊ ပညာတတ်ပဲဖြစ်ဖြစ်၊ စိုက်ပျိုးမွေးမြူသူ ကျေးလက်တောရွာဇာတိပဲဖြစ်ဖြစ်၊ ခေါင်းဆောင်မှုဆိုင်ရာ နာယကဂုဏ် ခြောက်ပါး၊ ခေါင်းဆောင်သူ သိအပ်တဲ့ညူ ငါးပါးတို့ကို လိုက်နာကျင့်သုံးလို့အောင်မြင်တယ်ဆိုတာ လေ့လာရင် တွေ့ရပါလိမ့်မယ်။ မှန်ပါတယ်။ လူလူချင်းတူရင် ခေါင်းဆောင်မှုအရည်အသွေးရှိတဲ့လူက သိသိသာသာ ခေါင်းတစ်လုံးပိုမြင့်နေတာမြင်သာပါတယ်။ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးလက္ခဏာက တန်ဖိုးကို ပြသနေတာပေါ့။

တပ်မှာတော့ "အရာရှိရုပ်ရည်လက္ခဏာ"ဆိုတာမျိုးပေါ့။ အင်္ဂလိပ်လို Officer Bearing တည်ကြည်ဖြောင့်မှန်တဲ့လူကြီးလူကောင်းအမူအရာက သူ့မှာရှိတဲ့အရည်အသွေးအလိုက် ပေါ်ထွက်နေတာမျိုး။ ရုပ်နဲ့စိတ်က အပြန်အလှန်ဆက်စပ်နေတာကိုး။ ဟန်ဆောင်ဖုံးကွယ်လို့မရဘူးလေ။

လူငယ်ဖြစ်စေ၊ လူကြီးဖြစ်စေ၊ ခေါင်းဆောင်မှုဆိုင်ရာအရည်အချင်းတွေကိုတော့ အစဉ်သဖြင့် ပိုမိုပြည့်စုံအောင် လေ့ကျင့်လိုက်နာကျင့်သုံးနေကြရမှာပဲဖြစ်ပါတယ်။ ပြည်သူပြည်သားအချင်းချင်း ဆက်ဆံဆက်သွယ်ရာမှာဖြစ်စေ၊ ပြည်ပနိုင်ငံခြားသားများ၊ ဝန်ထမ်းအချင်းချင်း၊ လုပ်ငန်းဆောင်တာဆက်သွယ်ရသူချင်း တွေ့ဆုံဆက်ဆံရတဲ့အခါမှာဖြစ်စေ မိမိဘက်က ခေါင်းဆောင်မှုအရည်အသွေးများ ပြည့်ဝအောင် လေ့ကျင့်လိုက်နာနေတဲ့လူဟာ တန်းတူသာမက အသာစီးအထက်စီးက အရေးသာမှာပဲဖြစ်ပါတယ်။

**တွေ့ရမယ်**

ဥပမာ ရေတပ်မတော်ချင်း အိမ်နီးနားချင်း တိုင်းပြည်က တပ်မတော်၊ တပ်ရင်း၊ တပ်ဖွဲ့တွေနဲ့ ပူးတွဲစစ်ဆင်ရေးလေ့ကျင့်ကြတယ်ဆိုပါစို့။ ဘာသာစကားတတ်မြောက်ကျွမ်းကျင်မှုမှုစ ခေါင်းဆောင်မှုအရည်အချင်းများကို သူကကြည့်ပြီးဆက်ဆံမှာဖြစ်သလို ကိုယ်ကလည်း သူ့ရဲ့လုပ်ရည်ကိုင်ရည်၊ လူစွမ်းလူစ၊ ခေါင်းဆောင်မှုအရည်အသွေးဘယ်လောက်ပြည့်ဝသလဲ အကဲခတ်မိပေမှာပဲ။

ပတ်ဝန်းကျင်နိုင်ငံမှ အရာရှိများနဲ့ မကြာခဏ ထိတွေ့ဆက်ဆံရတာမျိုးတွေ တာဝန်အရတွေ့ကြုံဆောင်ရွက်ကြရမှာပါ။ မိမိက ခေါင်းဆောင်မှုအရည်အချင်းတွေ သိလည်းသိတယ်။ ရှိလည်းရှိနေတယ်ဆိုရင် နိုင်ငံတော်၊ လူမျိုးနဲ့မိမိအဖွဲ့အစည်းကိုပါ ဂုဏ်တက်စေမှာပေါ့။ ပြောနေစရာမလိုဘူး။ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံ၊ ဟန်ပန်အမူအရာထဲမှာ မိမိရဲ့ ခေါင်းဆောင်မှုသွင်ပြင်လက္ခဏာတွေက ပေါ်လွင်စွာ ဖော်ပြနေပြီးသားဖြစ်ပါပြီ။

**ဂုဏ်မြင့်စေ**

မိမိအဖွဲ့အစည်းအတွက်၊ မိမိလူမျိုးအတွက် ဂုဏ်မြှင့်တင်ရမယ့်တာဝန်ဟာ ကိုယ့်ပခုံးပေါ်ရောက်ရှိနေပါကလား။ ငါ့ရဲ့စွမ်းရည်စွမ်းအားကို အဆက်မပြတ်မြင့်မားအောင် မြှင့်တင်ရမယ့်လမ်းညွှန်အချက်အလက်တွေကို ဂဃနဏ သိရတာအဖိုးတန်ပေတာပဲဆိုတာ သိရပါမယ်။

ဖော်ပြထားတဲ့ ၁၈ ချက်ဟာ ပြည့်စုံပြီလို့ မဆိုလိုပါ။ နောက်ထပ်ရှာဖွေလေတွေ့ရှိလေ ရှိနေနိုင်ပါသေးတယ်။ ခေါင်းဆောင်မှုဆိုင်ရာစာအုပ်စာပေများစွာထဲက အချိန်ကာလအတော်ကြာရှည်စွာ စုဆောင်းမှတ်သားခဲ့ရတဲ့ အချက်တွေပါ။

ခေါင်းဆောင်မှုမှာ ရှိထိုက်တာ ရှာဖွေမှတ်သားခဲ့သမျှ လေးစားစွာတင်ပြအပ်ပါသည်။

1. **အများစုရဲ့ယုံကြည်မှု (Trust Building)**
2. **ဆွဲဆောင်နိုင်မှု (Power of Attraction)**
3. **အလုပ်ကိုအမြတ်တနိုးလုပ်လေ့ရှိခြင်း (Passion for Work)**
4. **ဆက်သွယ်ဆောင်ရွက်မှုကောင်းခြင်း (Effective Communication Social Dealing)**
5. **အခြေအနေမှန်ကိုချပြတတ်ခြင်း (Realistic Condition)**
6. **စဉ်ဆက်မပြတ်သင်ယူခြင်း (Continuous Learning)**
7. **အာရုံစူးစိုက်မှုကောင်းခြင်း (Fix on Focus)**
8. **ပညာရပ်တစ်ခုခုကျွမ်းကျင်ခြင်း (Professional Skills)**
9. **အလေးထားနားထောင်တတ်ခြင်း (Listening Power)**
10. **အကောင်းဘက်မှ ရှုမြင်သုံးသပ်တတ်ခြင်း (Optimistic Attitude)**
11. **အလုပ်အကျွေးပြုခြင်း (Serve Supporting)**
12. **တီထွင်ကြံဆတွေးခေါ်နိုင်ခြင်း (Creative Thinking)**
13. **မိမိကိုယ်ကိုထိန်းသိမ်းနိုင်ခြင်း (Self Control)**
14. **မိမိကိုယ်ကိုယုံကြည်မှုရှိခြင်း (Self Reliance)**
15. **အများအကျိုးဆောင်လိုစိတ် (Others First)**
16. **တာဝန်ယူတတ်၊ယူရဲခြင်း (Accountability)**
17. **ရိုးရိုးရှင်းရှင်းစဉ်းစားတတ်ခြင်း (Common Sence)**
18. **လူချစ်လူခင်ပေါ်များခြင်း (Charisma)**

**နိဂုံး**

ခေါင်းဆောင်နေရာ တာဝန်ယူရသူဟာ သူ့နိုင်ငံ သူ့အဖွဲ့ကို အကောင်းဆုံးအောင်မြင်တိုးတက်အောင် ဖန်တီးခွင့်ရသူပါပဲ။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၄၈၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က သခွားသီးစိုက်ခင်းကို တွေ့ရစဉ်။

ငပုတော ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့၌ မိုးသီးနှံ စိုက်ပျိုးရာသီတွင် သီးနှံစုံ ၂၄၈၃ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၂၄၈၃ ဧကကို ယခုနှစ် ဇူလိုင်လ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် မိုးသီးနှံစုံ ၂၄၈၃ ဧကတွင် မိုးမြေပဲ ၅၆၂ဧက၊ နှမ်း ၅၁ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ ကြံ ၄၁ ဧက၊ ပဲစင်းငုံ ၉၁ ဧက၊ ငရုတ် ဧက ၃၀၊ ကွမ်း ၃၁ ဧက၊ ပီလောပီနံ ဧက ၄၅၀၊ ပန်းအမျိုးမျိုး ဧက ၂၀၊ ဟင်းသီးဟင်းရွက် ၈၇၁ ဧက၊ ပိန်းဥ ၈၉ ဧကတို့ဖြစ်ကြောင်း သိရသည်။

''ငရုတ်ကောင်းမြို့မှာ ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီအတွက် သီးနှံစုံ ၂၄၈၃ ဧကကို စိုက်ပျိုးမှာဖြစ်ပါတယ်။ လက်ရှိ လျာထားဧကတွေအတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ စိုက်ပျိုးမဲ့ သီးနှံတွေအားလုံးကို လျာထားချက်တွေအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကိုဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ အရည်အသွေးနဲ့၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး တို့အတွက် ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်''ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ယခုနှစ် ငရုတ်ကောင်းမြို့တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံများကို အရည်အသွေးနှင့်အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှု စီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ သီးနှံများကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ၌ အိမ်သွယ်ရေတိုင်ရေမီတာ တပ်ဆင်ပြီးစီးမှု စစ်ဆေး

ပြင်ဦးလွင် ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်ဖြူအင်းကျေးရွာ၌ အိမ်သွယ်ရေတိုင်ရေမီတာတပ်ဆင်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။



ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ အိမ်သွယ်ရေတိုင် ရေမီတာတပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည့်တံ့အောင် ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဆင်ဖြူအင်းကျေးရွာတွင် ကိုယ်အားကိုယ်ကိုး စနစ်ဖြင့် အိမ်သွယ်ရေတိုင် ရေမီတာအလုံး ၆၀ တပ်ဆင်ခြင်းကို ငွေကျပ်ခြောက်သန်းဖြင့် ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

## မေတ္တာတရား အစဉ်ပွား

\- မေတ္တာကို အစဉ်ပွား
နေထိုင်သွား ဘဝမှာ၊
အန္တရာယ် ရန်ခပ်သိမ်း
အေးငြိမ်းချမ်းသာ၊
ခိုင်မြဲသော ကတိသစ္စာ
စောင့်ထိန်းကာ ခရီးဆက်၊
တစ်ဦးအပေါ် တစ်ဦးက
ဖေးမကူလျက်။

\- အကြင်နာ မေတ္တာလက်နဲ့
ချစ်သဒ္ဓါဖက် တို့တစ်တွေ၊
ဖြူစင်ဖွယ် စိတ်နှလုံးကို
ကျင့်သုံးစဉ်ပေ၊
ရိုးသားမှု ဂုဏ်သတင်းဝေ
ထုံသင်းစေ ဝန်းကျင်အနှံ့၊
ချစ်မေတ္တာ ရောင်အလင်းကို
ဆောင်ကြဉ်းပေးဖြန့်။

\- စေတနာ ဖြူစင်သန့်လို့
မရပ်တန့် ကောင်းကုသိုလ်၊
မွန်မြတ်ဖွယ် ပရအကျိုး
သယ်ပိုးစေလို၊
မေတ္တာစိတ်လေး ရင်မှာခို
အကြင်နာပို လူသားချင်း၊
အတ္တမာန်တွေ အစွယ်ဖြတ်လို့
ပယ်သတ်စေမင်း။ ။

**လမင်းခန့်(ပညာရေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## တက်စလာကုမ္ပဏီအကြီးအကဲ အီလွန်မက်ခ် အမေရိကပါတီအမည်ရှိ နိုင်ငံရေးပါတီသစ်တည်ထောင်

**နယူးယောက် ဇူလိုင် ၆**

တက်စလာလျှပ်စစ်မော်တော်ယာဉ်ကုမ္ပဏီအကြီးအကဲ ဘီလျံနာ အီလွန်မက်ခ်သည် အမေရိကပါတီအမည်ရှိ နိုင်ငံရေးပါတီတစ်ခုကို ဖွဲ့စည်းတည်ထောင်လိုက်ကြောင်း ဇူလိုင် ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန် ပြည်သူများကို လွတ်လပ်မှုပြန်လည်ဆောင်ကြဉ်းပေးရန် မိမိအနေဖြင့် အမေရိကပါတီအမည်ရှိ နိုင်ငံရေးပါတီသစ်ကို ဖွဲ့စည်းတည်ထောင်ထားကြောင်း အီလွန်မက်ခ်က ၎င်း၏ လူမှုမီဒီယာ စာမျက်နှာပေါ်၌ ရေးသားထားသည်။

အီလွန်မက်ခ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဆက်ဆံရေးပျက်ပြားခဲ့ပြီးနောက် နိုင်ငံရေးပါတီသစ် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အချမ်းသာဆုံးလူပုဂ္ဂိုလ်ဖြစ်သည့် အီလွန်မက်ခ်သည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ လက်ရှိ သမ္မတဒေါ်နယ်ထရန့်အတွက် နိုင်ငံရေးအလှူငွေ အများဆုံးထည့်ဝင်ပေးခဲ့သူဖြစ်ကြောင်း သိရသည်။

သို့ရာတွင် သမ္မတ ဒေါ်နယ်ထရန့်၏ ပြည်တွင်းအသုံးစရိတ်ပမာဏကို အီလွန်မက်ခ်က ဝေဖန်ခဲ့ပြီးနောက် သမ္မတဒေါ်နယ်ထရန့်နှင့် အီလွန်မက်ခ်တို့ကြား ဆက်ဆံရေးပျက်ပြားခဲ့ရသည်။

လက်ရှိ အမေရိကန်နိုင်ငံရေးစနစ်ကို တစ်ပါတီနိုင်ငံရေးစနစ်အဖြစ် ဝေဖန်ခဲ့ပြီးနောက် အမေရိကပါတီကို အီလွန်မက်ခ်က တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ကာတာငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ အစ္စရေးကိုယ်စားလှယ်များ ပါဝင်မည်

**ဂျေရုဆလင် ဇူလိုင် ၆**

ဂါဇာပဋိပက္ခ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူရေးဆွေးနွေးပွဲများအတွက် အစ္စရေးနိုင်ငံက ကာတာနိုင်ငံသို့ ယနေ့တွင် ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ စေလွှတ်မည်ဖြစ်သည်။

ဟားမတ်စ်အုပ်စု၏ တောင်းဆိုချက်များကိုလက်ခံရန် ဝန်လေးနေသည့်တိုင် အစ္စရေးအစိုးရက ကာတာငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဂါဇာပဋိပက္ခ အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်နှင့်ပတ်သက်၍ ဟားမတ်စ်အုပ်စုက တောင်းဆိုထားသည့် အပြောင်းအလဲများမှာ လက်သင့်ခံနိုင်စရာ မရှိကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

အမေရိကန်နိုင်ငံက ထောက်ခံမှုပေးထားသည့် အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို မိမိတို့အနေဖြင့် အပြုသဘောဖြင့် တုံ့ပြန်ထားကြောင်း ဟားမတ်စ်အုပ်စုက ဇူလိုင် ၄ ရက်တွင် ပြောကြားထားသည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် ဟားမတ်စ်အုပ်စုက တောင်းဆိုထားသောအပြောင်းအလဲများမှာ အစ္စရေးအတွက် လက်သင့်ခံနိုင်ဖွယ်မရှိကြောင်းအစ္စရေးဝန်ကြီးချုပ်ရုံးက ဇူလိုင် ၅ ရက် ကြေညာချက်၌ထုတ်ပြန်ထားသည်။

ဟားမတ်စ်အုပ်စု အနေဖြင့် လက်နက်များ ဖြုတ်သိမ်းပေးရမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက တောင်းဆိုထားပြီး ဟားမတ်စ်အုပ်စုကလည်း ယင်းတောင်းဆိုချက်ကို ငြင်းပယ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## မော်စကိုသို့ပျံသန်းလာသည့် ယူကရိန်းမောင်းသူမဲ့လေယာဉ်များ ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ် ပစ်ချခဲ့ရ



**မော်စကို ဇူလိုင် ၆**

မော်စကိုမြို့ဆီသို့ ဦးတည်ပျံသန်းလာသော ယူကရိန်း မောင်းသူမဲ့လေယာဉ်လေးစင်းကို ရုရှားလေကြောင်းရန်ကာကွယ်ရေးတပ်များက ဇူလိုင် ၅ ရက်တွင် ပစ်ချခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မောင်းသူမဲ့လေယာဉ်များ ပျက်ကျရာနေရာတွင် အရေးပေါ်လုံခြုံရေးဝန်ထမ်းများရောက်ရှိနေကြောင်း မော်စကိုမြို့တော်ဝန် ဆာဂေးဆိုဘီယာနင်က ပြောကြားထားသည်။

ဇူလိုင် ၅ ရက်တွင် ရုရှားလေကြောင်းရန် ကာကွယ်ရေးတပ်များသည် ယူကရိန်းမောင်းသူမဲ့လေယာဉ် ၄၈ စင်းကို ပစ်ချခဲ့ရကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ယူကရိန်းမောင်းသူမဲ့လေယာဉ်များအန္တရာယ်ကြောင့် ဇူလိုင် ၅ ရက်တွင် မော်စကိုမြို့တွင်းရှိ လေဆိပ်အချို့ လေယာဉ်အဆင်းအတက်များ ယာယီရပ်တန့်ခဲ့ရသည်။

ရုရှားနိုင်ငံသည် ဇူလိုင် ၄ ရက်ညပိုင်းတွင် ယူကရိန်းပဋိပက္ခတစ်လျှောက် အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှုများဖြင့် ယူကရိန်းမြို့များကို တိုက်ခိုက်ခဲ့သည်။

ဇူလိုင် ၄ ရက် လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားတပ်များသည် မောင်းသူမဲ့လေယာဉ်အစင်း ၅၅၀ထိ အသုံးပြုခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အစ္စရေး-အီရန် ပဋိပက္ခကြောင့် ရက်သတ္တနှစ်ပတ်ကြာပိတ်ထားခဲ့သည့် တီဟီရန်မြို့ရှိ ဆွစ်ဇာလန်သံရုံး ပြန်လည်ဖွင့်လှစ်

**ဂျီနီဗာ ဇူလိုင် ၆**

အစ္စရေး-အီရန်ပဋိပက္ခကြောင့် တီဟီရန်မြို့ရှိ ဆွစ်ဇာလန်သံရုံးကို ရက်သတ္တ နှစ်ပတ်ကြာ ပိတ်ထားခဲ့ပြီးနောက် ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနှင့် အီရန်တို့ကြား အပြန်အလှန် လေကြောင်းတိုက်ခိုက်မှုများ ဇွန် ၁၃ ရက်က စတင်ဖြစ်ပွားခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံသည် တီဟီရန်မြို့ရှိ သံရုံးကို စတင်ပိတ်ထားခဲ့သည်။

သို့သော် လက်ရှိအချိန်တွင် တီဟီရန်မြို့ရှိ ဆွစ်ဇာလန်သံရုံးကို ပြန်လည်ဖွင့်လှစ်ထားပြီဟု ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင် အီရန်နိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး နာဒင်းအိုလီဗီရီလိုဇာနို့နှင့် သံတမန်ဝန်ထမ်းအချို့တို့အနေဖြင့် အဇာဘိုင်ဂျန်နိုင်ငံမှတစ်ဆင့် တီဟီရန်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံသည် အီရန်နိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးကို ဇွန် ၂၀ ရက်တွင် စတင်ပိတ်ထားခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးသည် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားများကိုလည်း ကိုယ်စားပြုထားသည့် ကြားနေနိုင်ငံသံရုံးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဖိလစ်ပိုင်နိုင်ငံ၏ ရေတပ်အင်အားတောင့်တင်းလာစေရန် တစ်ပတ်ရစ်ဖျက်သင်္ဘောခြောက်စီး ဖိလစ်ပိုင်သို့ ဂျပန်နိုင်ငံတင်ပို့မည်ဟုဆို

**တိုကျို ဇူလိုင် ၆**

ဖိလစ်ပိုင်နိုင်ငံ၏ ရေတပ်အင်အားပိုမိုတောင့်တင်းလာရေးအတွက် တစ်ပတ်ရစ်ဖျက်သင်္ဘောများကိုဖိလစ်ပိုင်သို့တင်ပို့ရန် ဂျပန်နိုင်ငံက စီစဉ်ထားကြောင်း ဂျပန်ပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံက ဖိလစ်ပိုင်သို့တင်ပို့ရန်စီစဉ်ထားသော တစ်ပတ်ရစ်ဖျက်သင်္ဘောများမှာ ဂျပန်ရေတပ်က နှစ်ပေါင်း ၃၀ကျော်ကြာ အသုံးပြုခဲ့သည့် အဘူကူမာ အတန်းအစား ဖျက်သင်္ဘောခြောက်စီးဖြစ်ကြောင်း သိရသည်။

အဆိုပါတစ်ပတ်ရစ် ဖျက်သင်္ဘောများကို ဖိလစ်ပိုင်သို့ တင်ပို့ရန် ဂျပန်ကာကွယ်ရေးဝန်ကြီး နာကာတာနီနှင့်ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဂျီလ်ဘာတိုတီအိုဒိုရိုက ပြီးခဲ့သည့်လအတွင်း သဘောတူခဲ့ကြခြင်းဖြစ်သည်။




ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့ကြား တောင်တရုတ်ပင်လယ်ဒေသ၌ တင်းမာမှုများမြင့်တက်နေချိန်တွင် တစ်ပတ်ရစ်ဖျက်သင်္ဘောခြောက်စီးကို ဖိလစ်ပိုင်သို့ တင်ပို့ရန် ဂျပန်နိုင်ငံက စီစဉ်ထားခြင်းဖြစ်သည်။


တန်ချိန် ၂၀၀၀ရှိ အဘူကူမာ အတန်းအစား ဖျက်သင်္ဘောများသည် အရွယ်အစား အထိုက်အလျောက်သေးငယ်သည့် ဖျက်သင်္ဘောများဖြစ်ပြီး ရေငုပ်သင်္ဘောဖျက်ဒုံးကျည်များ၊ သင်္ဘောဖျက်ဒုံးကျည်များတပ်ဆင်ထားသည်။

ဖိလစ်ပိုင်ရေတပ်သည် ဖျက်သင်္ဘော ပိုင်ဆိုင်ထားခြင်းမရှိဘဲ ဖရီးဂိတ်စစ်သင်္ဘောများနှင့် ကင်းလှည့် တိုက်ရေယာဉ်များသာ ပိုင်ဆိုင်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Methane SAT ဖန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့များ စောင့်ကြည့်ရေးဂြိုဟ်တု မစ်ရှင်သက်တမ်းတစ်နှစ်အရောက်တွင် ကမ္ဘာဂြိုဟ်နှင့် အဆက်အသွယ်ပြတ်တောက်



**ဝါရှင်တန် ဇူလိုင် ၆**

Methane SAT အမည်ရှိ ဖန်လုံအိမ် အာနိသင်ရှိ ဓာတ်ငွေ့များ စောင့်ကြည့်ရေးဂြိုဟ်တုသည် မစ်ရှင်သက်တမ်း တစ်နှစ်အရောက်တွင် ကမ္ဘာဂြိုဟ်နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

Methane SAT ဂြိုဟ်တုကို သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးရန်ပုံငွေအဖွဲ့ (EDF) က တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် မတ်လအတွင်း Space-X ကုမ္ပဏီ Trans-porter-10 မစ်ရှင်ဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ကမ္ဘာပတ်လမ်းပေါ်၌ ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များနှင့်ပတ်သက်၍ တစ်နှစ်ကြာမျှ အချက်အလက်များ ကောက်ယူခဲ့ပြီးနောက် ကမ္ဘာမြေနှင့် အဆက်အသွယ်ပြတ်တောက်သွားပြီဖြစ်ကြောင်း EDA တာဝန်ရှိသူများက ပြောကြားသည်။

Methane SAT ဂြိုဟ်တုသည် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များ ထုတ်လွှတ်မှုကို စောင့်ကြည့်ရေးအတွက် လွှတ်တင်ထားသည့် နည်းပညာအဆင့်မြင့်ဆုံးဂြိုဟ်တုများထဲတွင် ပါဝင်လာသည်။

Methane SAT ဂြိုဟ်တုသည် ဇွန် ၂၀ ရက်တွင် ကမ္ဘာမြေနှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ရခြင်းဖြစ်သည်။

Methane SAT ဂြိုဟ်တုသည် စွမ်းအင် ပြတ်လပ်သွားဖွယ်ရှိရာ ပြန်လည်အသက်ဝင်လာနိုင်သည့် အခြေအနေမျိုးမရှိတော့ကြောင်း EDA ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၂ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့

**မော်စကို ဇူလိုင် ၆**

ရုရှား အာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၂ အာကာသကုန်တင်ယာဉ်သည် ဇူလိုင် ၅ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ပရိုဂရက်စ်-၉၂ အာကာသကုန်တင်ယာဉ်ကို ဇူလိုင် ၃ ရက်တွင် ဆိုယုဇ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း။ ပရိုဂရက်စ်-၉၂ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းအတွက် စားနပ်ရိက္ခာ ရေနှင့်လောင်စာ အပါအဝင် အထောက်အပံ့ပစ္စည်း သုံးတန်ကျော် သယ်ဆောင်ထားကြောင်း သိရသည်။



ပရိုဂရက်စ်-၉၂ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ယခုနှစ် ဒီဇင်ဘာ ၁၉ ရက်ထိ ဆိုက်ကပ်ထားမည်ဖြစ်ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၂ သည် နိုင်ငံတကာ အာကာသစခန်းမှ မလိုအပ်သည့်ပစ္စည်းများ ပြန်လည်သယ်ယူ၍ ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ပရိုဂရက်စ်-၉၂ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၏ ပို့က်စ်ပင်မကိုယ်ထည်၌ ဆိုက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ကြယ်သက်ကုန်ပေါက်ကွဲခဲ့သည့်ဖြစ်စဉ်ကို နိုင်ငံတကာ နက္ခတ္တရူပဗေဒပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်းတွေ့ရှိ

**ကင်ဘာရာ ဇူလိုင် ၆**

အရွယ်အစား ကြီးမားသော ကြယ်ကြီးတစ်စင်း နှစ်ကြိမ်တိုင်တိုင် ကြယ်သက်ကုန်ပေါက်ကွဲခဲ့သည့် ဖြစ်စဉ်ကို နိုင်ငံတကာ နက္ခတ္တရူပဗေဒပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ထောက်လှမ်းတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ SNR 0509-67.5 ဟူ၍အမည်ပေးထားသည့် အထက်ပါကြယ်သည် နှစ်ကြိမ်တိုင်တိုင် ကြယ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ကြယ်သေတစ်စင်းအဖြစ် ပြောင်းလဲသွားခြင်းဖြစ်ကြောင်း ဩစတြေးလျ သိပ္ပံပညာရှင်များက ပြောကြားသည်။

SNR 0509-67.5 ကြယ်သေပတ်ပတ်လည်ရှိ ဖြာထွက်ရောင်ခြည်အကြွင်းအကျန်များဖွဲ့စည်းပုံသည် ၎င်းကြယ်သေအနေဖြင့် နှစ်ကြိမ်တိုင်တိုင် ကြယ်ပေါက်ကွဲမှုဖြစ်ခဲ့သည်ကို ပြသနေသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ဩစတြေးလျ သုတေသနပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သိပ္ပံပညာရှင်များသည် SNR 0509-67.5 ကြယ်သေကို ဗွီအယ်လ်တီ ရေဒီယိုတယ်လီစကုပ် အကူအညီဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သည်။

SNR 0509-67.5 ကြယ်သေသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀၀ ခန့်ကပင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

SNR 0509-67.5 ကြယ်သေသည် ကမ္ဘာမြေနှင့် အလင်းနှစ် ၆၀၀၀၀ အကွာတွင် တည်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## အာဟာရချို့တဲ့မှုနှင့်ဆက်စပ်နေသည့် ပုံစံ-၅ ဆီးချိုကို ဆီးချိုရောဂါပုံစံသစ်အဖြစ် တရားဝင်အတည်ပြု

**နယူးယောက် ဇူလိုင် ၆**

အာဟာရချို့တဲ့မှုနှင့်ဆက်စပ်နေသည့် ပုံစံ-၅ ဆီးချိုကို ဆီးချိုရောဂါပုံစံသစ်အဖြစ် နိုင်ငံတကာ ဆီးချိုရောဂါ သုတေသနအဖွဲ့ချုပ်က တရားဝင် အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၅ ရက်သတင်းများအရ သိရသည်။

ပုံစံ-၅ ဆီးချိုကို အာဟာရချို့တဲ့မှုနှင့် ဆက်စပ်နေသော ဆီးချိုရောဂါပုံစံ တစ်မျိုးအဖြစ် နိုင်ငံတကာ ရောဂါအမျိုးအစား သတ်မှတ်မှုစနစ်အရ တရားဝင် သတ်မှတ်လိုက်ကြောင်း နိုင်ငံတကာ ဆီးချိုရောဂါ သုတေသနအဖွဲ့ချုပ်၏ ကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

သမိုင်းကြောင်းအရ ပုံစံ-၅ ဆီးချိုရောဂါကို ရှာဖွေစစ်ဆေးမှု အလွန်နည်းပါးခဲ့ပြီး ရောဂါ၏ သဘာဝနှင့်ပတ်သက်၍လည်းအသိနည်းခဲ့ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံး အတိုင်းအတာအရ လူကိုးဦးလျှင်တစ်ဦးမှာဆီးချိုရောဂါပုံစံ တစ်မျိုးမဟုတ်တစ်မျိုးရှိနေတတ်ပြီး လူဦးရေသန်း ၂၅၀ ကျော်မှာ ကိုယ့်အခြေအနေကိုယ် မသိသေးသူများဖြစ်ကြောင်း နိုင်ငံတကာ ဆီးချိုသုတေသနအဖွဲ့ချုပ်၏ အစီရင်ခံစာအရ သိရသည်။

ဆီးချိုရောဂါများအနက် လူသိအများဆုံး ဆီးချိုရောဂါမှာ ပုံစံ-၂ ဆီးချိုရောဂါဖြစ်သော်လည်း အာရှနှင့် အာဖရိကတို့မှ အရွယ်ရောက်လူငယ်ပိုင်း သန်း ၂၀ နှင့် ၂၅ သန်းကြားတို့မှာ ပုံစံ-၅ ဆီးချိုရောဂါ ခံစားနေကြရသည်ဟု သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

ပုံစံ-၂ ဆီးချိုရောဂါနှင့် မတူသည့်အချက်မှာ ပုံစံ-၅ ဆီးချိုရောဂါသည် စားနပ်ရိက္ခာရှားပါးသည့်နေရာများ၌ အဖြစ်များကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## မြေထဲပင်လယ်ဓာတ်စာ စားသုံးခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်

**ဆိုးလ် ဇူလိုင် ၆**

မြေထဲပင်လယ် ဓာတ်စာ (Meidterranean diet)ကို စားသုံးခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Demen-tia) ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

မြေထဲပင်လယ် ဓာတ်စာသည် သံလွင်ဆီ၊ ငါး၊ သစ်စေ့ သစ်ဆန်၊ ဘယ်ရီသီးနှင့် အစိမ်းရောင် အသီးအရွက်များ အဓိကပါဝင်သော ဓာတ်စာပုံစံဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ ယွန်ဆိုင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မြေထဲပင်လယ်ဓာတ်စာကို စွဲစွဲမြဲမြဲစားသုံးသူများ၌ Dementia ရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၂၈ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

Dementia ရောဂါအတွက် ကုထုံးမရှိသေးသည့် အချိန်တွင် မြေထဲပင်လယ် ဓာတ်စာပုံစံ စားသုံးမှုသည် Dementia ရောဂါဖြစ်နိုင်ခြေကို တားဆီးနိုင်မည့် နည်းလမ်းတစ်ခု ဖြစ်လာနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

တောင်ကိုရီးယား သုတေသနပညာရှင်များသည် သက်လတ်ပိုင်းအရွယ် လူပေါင်း ၁၃၀၀၀၀ ကျော်ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ဆားဘီးယားကစားသမား ဂျိုကိုဗစ်တက်ရောက်

လန်ဒန် ဇူလိုင် ၆

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယား တင်းနစ်ကစားသမားများ ဖြစ်ကြသည့် ဂျိုကိုဗစ်နှင့် ကက်မာနိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၆-၀၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ခုနစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့ဖူးသည့် ဂျိုကိုဗစ်သည် ကက်မာနိုဗစ်အား အခက်အခဲမရှိဘဲ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ဂရန်းစလန်းဆုဖလား ၂၅ ကြိမ် ဆွတ်ခူးနိုင်ရေးအတွက် ပစ်မှတ်ထားနေသည့် ၎င်း၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်လည်း ပိုမိုနီးစပ်လာခဲ့ပြီဖြစ်သည်။

ဂျိုကိုဗစ်သည် တစ်နိုင်ငံတည်းသားဖြစ်သူ ကက်မာနိုဗစ်နှင့် မကြာခဏ ယှဉ်ပြိုင်ကစားခဲ့ဖူးသလို နိုင်ငံအသင်းတွင်လည်း အတူ တွဲဖက်လေ့ကျင့်ခဲ့ဖူးသူဖြစ်သည်။

ဂျိုကိုဗစ်သည် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် ၎င်း၏ နောက်ဆုံးအခွင့်အရေး ဖြစ်သည့်အတွက်ကြောင့်လည်း အကောင်းဆုံးကြိုးစား ကစားခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ဆိုတာ တင်းနစ်ကစားသမားတိုင်းရဲ့ အိပ်မက်ဖြစ်ပါတယ်။ ကစားသမားတိုင်းလိုချင်နေတဲ့ ဆုဖလားလဲဖြစ်ပါတယ်။ တင်းနစ်အားကစားလောကမှာ ပရော်ဖက်ရှင်နယ်တစ်ယောက်အနေနဲ့ ကျင်လည်သွားဖို့ပြင်ဆင်နေတဲ့ ကလေးတိုင်းရဲ့စိတ်ကူးဟာလဲ ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာ ယှဉ်ပြိုင်ကစားခွင့်ရဖို့ပဲဖြစ်ပါတယ်။ ဒီလို အရေးကြီးတဲ့ပြိုင်ပွဲမှာ ကျွန်တော့်အနေနဲ့ အောင်မြင်မှုရဖူးသလို နောက်ထပ်လဲ အောင်မြင်မှုရချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုကိုဗစ်သည် စတုတ္ထအဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား အဲလက်စ်ဒီမီနော်နှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- အေစီမီလန်အသင်းက တောင်ပံကစားသမား လီအိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၇၀ ဖြင့်ရောင်းချရန် ဈေးနှုန်းသတ်မှတ်ခဲ့ပြီးနောက် ဘာစီလိုနာအသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ကြောင်း သိရသည်။
- အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် Eugene Diamond League မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် ကင်ညာအပြေးမယ် ကိုင်ရယ်ဂွန်က ၎င်းရရှိထားသည့် စံချိန် သုံးမိနစ် ၄၉ ဒသမ ၀၄ စက္ကန့် စံချိန်ကို ယခုပြိုင်ပွဲတွင် သုံးမိနစ် ၄၈ ဒသမ ၆၈ စက္ကန့်ဖြင့် စံချိန်ချိုးဖျက်နိုင်ခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက အဲဗာတန်အသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာသွားသည့်အသက် ၂၈ နှစ်ရှိ တိုက်စစ်မှူး ကယ်ဘက်လေဝင်ကိုခေါ်ယူရန် ပစ်မှတ်ထားနေပြီး တိုက်စစ်ပိုင်း အသုံးစရိတ်လျှော့ချရန် စီစဉ်နေကြောင်း သိရသည်။
- ဘရိုက်တန်အသင်းက ဘယ်လ်ဂျီယံကလပ် ဘရုဂျက်အသင်းမှ ဒီခရိုက်ပါကို အပိုဆုကြေးအပါအဝင် ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့်ခေါ်ယူ၍ ငါးနှစ်စာချုပ် ချုပ်ဆိုခဲ့သည်။ ML

## ဒေါ့မွန်အသင်းကို သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း ကလပ်ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်



ဝါရှင်တန် ဇူလိုင် ၆

ဖီဖာကလပ် ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဥရောပပြိုင်ဘက် အသင်းများဖြစ်သည့် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ဒေါ့မွန်အသင်းတို့ တွေ့ဆုံခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် နိုင်ပွဲရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက တိုက်စစ်ပိုင်းတွင် ဂွန်ဇာလိုဂါစီဘာ၊ ဗင်နီစီး ယက်စ်တို့ဖြင့် ပွဲထွက်လာခဲ့ရာ ပွဲစကတည်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သောကြောင့် ပွဲကစားချိန် ၁၀ မိနစ်တွင် အဒါဂူလာ၏ဖန်တီးမှုကို ဂွန်ဇာလိုဂါစီယာက ကန်သွင်းယူနိုင်ခဲ့သည့်အပြင် ပွဲကစားချိန် မိနစ် ၂၀ အရောက်တွင်လည်း အာနိုး၏ ဖန်တီးမှုမှ ဖရန်စစ်ကိုဂါစီယာက ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဆက်တိုက်ဖိအားပေးမှုများ ပြုလုပ်ခဲ့သော်လည်း ပထမပိုင်းပြီးဆုံးခါနီးတွင် ဘယ်လင်ဟမ် အပိုင်ကန်သွင်းချက်ကို ဂိုးသမား ကိုဘယ် ကာကွယ်နိုင်မှုကြောင့် နှစ်ဂိုး ဂိုးမရှိဖြင့် ပထမပိုင်းကို ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင် ချေပဂိုး သွင်းယူရန် ကြိုးပမ်းလာသည့် ဒေါ့မွန်အသင်းက ဂိုးပေါက်ကန်သွင်းမှုများ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးမရရှိခဲ့ဘဲ နာကျင်အချိန်ပိုတွင် ဒေါ့မွန်အသင်းက တိုက်စစ်ဖွင့်ကစားခဲ့မှုကြောင့် ပွဲချိန် ၉၂ မိနစ်တွင် ဘီအီယာ ဦးဆောင်ဂိုးရရှိခဲ့ပြီး ရီးရဲလ်မက်ဒရစ် အသင်းကလည်း ပြန်လည် တိုက်စစ်ဆင်ခဲ့ရာ တိုက်စစ်မှူး အမ်ဘက်ပီက ပွဲချိန် ၉၄ မိနစ်တွင် overhead kick ဖြင့် တတိယဂိုး ပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် ဒေါ့မွန်အသင်း ကစားအား ကျဆင်းသွားခြင်းမရှိဘဲ ပွဲချိန် ၉၆ မိနစ်တွင် ဂီရက်ဆီဂိုးရရှိရန် ကြိုးပမ်းမှုကို ဟူအီဆန်က ဥပဒေပြင်ပမှ တားဆီးမှုကြောင့် ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ကာ ဂီရက်ဆီဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သဖြင့် အချိန်ပိုတွင် ဒေါ့မွန်အသင်း ချေပဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

## ရီးရဲလ်မက်ဒရစ်အသင်းက မိုဒရစ်၏နေရာတွင် ရေရှည်အစားထိုးရန် ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာကိုပစ်မှတ်ထားနေ

မက်ဒရစ် ဇူလိုင် ၆

ရီးရဲလ်မက်ဒရစ် အသင်းက မကြာမီ အသင်းမှထွက်ခွာမည့် ဝါရင့် ကွင်းလယ်ကစားသမား မိုဒရစ်၏နေရာတွင် ရေရှည်အစားထိုးရန်အတွက် ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာကိုခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

မိုဒရစ်သည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က စပါးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ဆယ်စုနှစ်တစ်ခုကျော်ကြာ ကာလအတွင်း ဆုဖလားများစွာဆွတ်ခူးနိုင်ခဲ့ကာ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီး လက်ရှိကျင်းပနေသည့် ဖီဖာ ကလပ်ကမ္ဘာ့ ဖလားပြိုင်ပွဲအပြီးတွင် အသင်းမှထွက်ခွာပြီး အေစီမီလန် အသင်းသို့ပြောင်းရွှေ့ကစားသွားမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက မိုဒရစ်၏နေရာတွင် ရေရှည်အစားထိုးရန်အတွက် ကစားသမားသစ်တစ်ဦး ရှာဖွေနေပြီး အစောပိုင်းက လေဗာကူဆင်အသင်းမှ ဖလိုရီယန်ဝက်ဇ်ကို ပစ်မှတ်ထားခဲ့သော်လည်း ဖလိုရီယန်ဝက်ဇ် အနေဖြင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး လက်လွှတ်ခဲ့ရသည့်အတွက် လက်ရှိတွင် ဗီတင်ဟာကို ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## တောင်ပံကစားသမားမူစီအာလာ ခြေချင်းဝတ်အရိုးကျိုးဒဏ်ရာကြောင့် အနည်းဆုံးငါးလခန့် အနားယူရမည်ဟု ဘိုင်ယန်ထုတ်ပြန်

မြူးနစ် ဇူလိုင် ၆

ကလပ်ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် တောင်ပံကစားသမား မူစီအာလာသည် ပထမပိုင်းပွဲပြီးဆုံးခါနီးတွင် ရရှိခဲ့သည့် ခြေချင်းဝတ်အရိုးကျိုးဒဏ်ရာကြောင့် အနည်းဆုံး ငါးလခန့် အနားယူရမည်ဟု ဘိုင်ယန်မြူးနစ်အသင်း အားကစားဒါရိုက်တာက အတည်ပြုပြောကြားခဲ့သည်။



အဆိုပါပွဲစဉ်တွင် မူစီအာလာသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ကာ တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိရေး အကြိတ်အနယ်ရှိခဲ့ပြီး ပွဲကစားချိန် ၄၅ မိနစ်အရောက်တွင် ဆုံးရှုံးသွားသည့် ဘောလုံးကို မူစီအာလာက လုယူ၍ ဦးဆောင်ဂိုးရရှိရေး ကြိုးပမ်းခဲ့ရာ ပီအက်စ်ဂျီအသင်း ဂိုးသမား ဒွန်နာရမ်မာနှင့် ထိခိုက်မိခဲ့ပြီး ခြေချင်းဝတ်အရိုးကျိုးခဲ့မှုကြောင့် ဆေးအဖွဲ့၏ အကူအညီဖြင့် ခေါ်ထုတ်ခဲ့ရကာ အတ္တလန်တာမြို့ ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

လက်ရှိတွင် အသက် ၂၂ နှစ်ရှိ ကစားသမား၏ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခြေချင်းဝတ်အရွတ်များ ဆိုးရွားစွာထိခိုက်၍ အရိုးကျိုးခဲ့သောကြောင့် အနည်းဆုံး လေးလသို့မဟုတ် ငါးလအကြာမှ ဒဏ်ရာပြန်လည် သက်သာနိုင်မည်ဖြစ်ကြောင်း အားကစားဒါရိုက်တာ ခရစ္စတိုဖရွန်းက ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

မူစီအာလာသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ဒဏ်ရာပြဿနာများကြောင့် ပွဲစဉ်အများအပြားကို လွဲချော်ခဲ့ပြီးနောက် ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ဒဏ်ရာပြန်လည် ကောင်းမွန်ခဲ့သဖြင့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်လာခဲ့ပြီး အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူ ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ယခုအခါ ခြေချင်းဝတ်အရိုးကျိုး ဒဏ်ရာကြောင့် ကာလရှည် အနားယူရမည်ဖြစ်သဖြင့် နည်းပြကွန်ပနီက လူငယ်ကစားသမားဘဝ အကောင်းဆုံးချိန်များ ရပ်တန့်သွားမည်ကို စိုးရိမ်နေကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၁၂) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက လေ့ကျင့်ရေး ကွင်း-၁တွင် သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ကစားခဲ့ရာ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၆ မိနစ်တွင် အောင်ဇော်ဦး ပွဲချိန် ၇၆ မိနစ်တွင် ခန့်ဇော်သိန်းတို့က သွင်းယူနိုင်ခဲ့ကာ ရခိုင်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၅၁ မိနစ်တွင် သော်ဇင်နိုင်က သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

STA

# ကွင်းလယ်ကစားသမား သောမတ်မူလာ ဘိုင်ယန်မြူးနစ်အသင်းမှထွက်ခွာ

ဘာလင် ဇူလိုင် ၆

ဘိုင်ယန်မြူးနစ်အသင်း ဝါရင့် ကွင်းလယ်ကစားသမား သောမတ်မူလာသည် ဘိုင်ယန်မြူးနစ်အသင်း ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် အသင်းမှ အလွတ် ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ သောမတ်မူလာသည် ဘိုင်ယန်မြူးနစ်အသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်ကစတင်၍ အသင်းနှင့်အတူ ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ကာလရှည်ကစားခဲ့ကာ အသင်းဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနှင့် သောမတ်မူလာတို့ စာချုပ်သက်တမ်းမှာ ပြီးခဲ့သည့် ဇွန် ၃၀ ရက်က ကုန်ဆုံးခဲ့သော်လည်း အသင်းနှင့်အတူ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲ ကစားနေသည့် အတွက် ပီအက်စ်ဂျီအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်သည် ဘိုင်ယန်မြူးနစ်ကစားသမား ဘဝ နောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့ခြင်းဖြစ်သည်။

သောမတ်မူလာသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၇၅၆ ပွဲထိ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၅၀ထိ သွင်းယူနိုင်ခဲ့ကာ ၂၇၆ ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား၊ ဂျာမန်ဘွန်ဒက်လီဂါဖလား၊ဂျာမန်ပိုကယ်ဖလား၊ဂျာမန်စူပါဖလားအပါအဝင် စုစုပေါင်း ဆုဖလား ၃၃ ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆုကြေးငွေအများဆုံးရထားသည့်အသင်းအဖြစ် ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံး၌ရပ်တည်

မက်ဒရစ် ဇူလိုင် ၆

ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ် ပြီးဆုံးချိန်တွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲဝင်အသင်းများ၏ ဝင်ငွေရရှိမှုများကို ထုတ်ပြန်ခဲ့ရာတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်းက ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၂ ဒသမ ၅ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲဝင်အသင်း ၃၂ သင်းကို ရောက်ရှိခဲ့သည့် အဆင့်လိုက် ဆုကြေးငွေများ ပေးအပ်ခဲ့သော်လည်း ကလပ်အသင်းများ၏ ကမ္ဘာ့အဆင့်ရပ်တည်မှု၊ ကုန်သွယ်မှုစံနှုန်းများအရ ဥရောပကလပ်အသင်းများက ဝင်ငွေအမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၁ သန်းမှ ၃၈ ဒသမ ၁၉ သန်းထိရရှိခဲ့ပြီး တောင်အမေရိက၊ ဗဟိုအမေရိကနှင့် ကာရစ်ဘီယန်ဒေသကလပ်အသင်းများက ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၁သန်း၊အာရှ၊ အာဖရိကအသင်းများက ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၅၅ သန်း၊ သမုဒ္ဒရာပိုင်းဇုန်မှ အော့ကလန်အသင်းက ဝင်ငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၈ သန်း အနည်းဆုံးရရှိခဲ့သော်လည်း လက်ရှိအချိန်ထိ ရီးရဲလ်မက်ဒရစ်အသင်းက ဝင်ငွေ ၈၂ဒသမ ၅ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။

ရီးရဲလ်မက်ဒရစ် အသင်းနောက်တွင် ပီအက်စ်ဂျီအသင်းက အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၉ သန်း၊ ချဲလ်ဆီးအသင်းက အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၆ သန်း၊ ဖလူမီနန်စီအသင်းက အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၈ သန်း၊ ဘိုင်ယန်မြူးနစ်အသင်းက အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၂ သန်း၊ ဒေါ့မွန်အသင်းက အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၃ သန်း၊ မန်စီးတီးအသင်းက အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇ သန်း၊ ပါမီးယက်စ်အသင်းက အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၈ သန်း၊ အင်တာမီလန်အသင်းက အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၈ သန်း၊ အယ်ဟိုင်လာအသင်းက အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂ သန်းဖြင့် ဆုကြေးငွေအများဆုံး ၁၀ သင်းအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ Ref : 90min

Trs : ML

# လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံဆုအတွက် ဘီဗိုလ်နှင့် စိန်ခေါ်ပွဲထိုးသတ်မည်ဖြစ်ကြောင်း ဘီတာဘီယက်ဖ်ပြောကြား

မော်စကို ဇူလိုင် ၆

လိုက်ဟဲဗီးဝိတ်တန်း၏ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဖြစ်သူ ရုရှားလက်ဝှေ့သမား ဘီဗိုလ်နှင့် တတိယမြောက်စိန်ခေါ်ပွဲ ထိုးသတ်သွားရန် စီစဉ်မည်ဖြစ်ကြောင်း ရုရှားလက်ဝှေ့သမား ဘီတာဘီယက်ဖ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။



ဘီတာဘီယက်ဖ်နှင့် ဘီဗိုလ်တို့သည် နှစ်ကြိမ်တိုင်တိုင် ထိုးသတ်ခဲ့ဖူးပြီး ပထမတစ်ကြိမ်တွင် ဘီတာဘီယက်ဖ်က အနိုင်ရရှိခဲ့ပြီး ဒုတိယအကြိမ်တွင် ဘီဗိုလ်က အနိုင်ရခဲ့သည်။

ဘီတာဘီယက်ဖ်နှင့် ဘီဗိုလ်တို့သည် တစ်ကြိမ်စီလိုက်ဟဲဗီးဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဆုအား ရရှိခဲ့ဖူးသူများဖြစ်ကြပြီး တတိယမြောက်စိန်ခေါ်ပွဲ ထိုးသတ်သွားရန် တိကျသော ထုတ်ပြန်မှုမျိုး မရှိသေးသည့်အတွက် သတင်းထောက်များက အကြိမ်ကြိမ် မေးမြန်းမှုများပြုလုပ်ခဲ့သည်။

သတင်းထောက်များ၏ မေးမြန်းမှုများအား ဘီတာဘီယက်ဖ်နှင့် ဘီဗိုလ်တို့ နှစ်ဦးစလုံး နှုတ်ဆိတ်နေခဲ့ပြီးနောက် ဘီတာဘီယက်ဖ်က ၎င်း၏အစီအစဉ်နှင့်ပတ်သက်ပြီး လူမှုကွန်ရက်မှတစ်ဆင့် တရားဝင်ထုတ်ပြန်ခဲ့သည်။

ဘီတာဘီယက်ဖ်က “ဘီဗိုလ်နဲ့ပတ်သက်ပြီးတော့ သတင်းထောက်တွေဆီကနေ အကြိမ်ပေါင်းများစွာ မေးခွန်းတွေမေးမြန်းလာကြတယ်။ တတိယအကြိမ်တွေ့ဆုံ ယှဉ်ပြိုင်မှုအတွက်ပဲ သတင်းထောက်တွေ မေးနေကြတယ်။ ဒါကြောင့်အခု ကျွန်တော့်ရဲ့လူမှုကွန်ရက်ကနေပဲ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကို ထုတ်ပြန်ပေးလိုက်ပါတယ်။ ပထမအကြိမ်တွေ့ဆုံယှဉ်ပြိုင်ခဲ့စဉ်က ကျွန်တော်အကောင်းဆုံး လုပ်ပြနိုင်ခဲ့ပြီး ပြိုင်ဘက်ကင်းချန်ပီယံ ဖြစ်ခဲ့တယ်။ ဒုတိယအကြိမ်မှာတော့ ကျွန်တော့်ရဲ့ပြိုင်ဘက်ကင်းချန်ပီယံဆုကိုစွန့်လွှတ်ခဲ့ရတယ်။ ပထမအကြိမ် ထိုးသတ်ယှဉ်ပြိုင်ခဲ့တုန်းက စာချုပ်အရ မကျေပွဲစဉ် ထိုးသတ်ရမယ်ဆိုတဲ့ သဘောတူညီချက်ပါတယ်။ ဒါကြောင့် မကျေပွဲ ထိုးသတ်ဖြစ်ခဲ့တယ်။ လက်ရှိမကျေပွဲ ထိုးသတ်မှုမှာတော့ သဘောတူညီချက်တွေမပါခဲ့ဘူး။ ဒါကြောင့် မကျေပွဲစဉ်ထိုးသတ်ဖို့ဆိုရင် ကျွန်တော်တို့အကြား ညှိနှိုင်းသွားရမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ကတော့ ဘီဗိုလ်သာလက်ခံမယ်ဆိုရင် တတိယမြောက်ယှဉ်ပြိုင်ထိုးသတ်မှုဖြစ်လာမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# John Deere Classic ပြိုင်ပွဲ အမှတ်ပေးဇယားကို တွမ်ဆင်ဦးဆောင်

အီလီနွိုက်စ် ဇူလိုင် ၆

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ်တွင် ကျင်းပနေသည့် John Deere Classic ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား တွမ်ဆင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား မက်စ်ဟိုမာအပါအဝင် ပြိုင်ပွဲလေးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း သိရသည်။

ပထမနေ့နှင့် ဒုတိယနေ့တို့တွင်အမှတ်ပေးဇယားကိုဦးဆောင်နိုင်ခဲ့သည့် ဒေါ့ဂင်သည် တတိယနေ့တွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက် ပိုရိုက်ခဲ့သည့်အတွက် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်သာ လျော့ရိုက်နိုင်ခဲ့သည်။

အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့သည့် တွမ်ဆင်သည် လက်ရှိချန်ပီယံ တစ်ဦးဖြစ်သလို တတိယနေ့တွင် ကစားနိုင်ခဲ့သည့် စွမ်းဆောင်ရည်သည် လက်ရှိချန်ပီယံအား ကာကွယ်နိုင်မည့် အခွင့်အရေးကောင်းကို ပိုင်ဆိုင်ထားသူလည်းဖြစ်သည်။

တွမ်ဆင်က “ဒီပြိုင်ပွဲမှာ လက်ရှိချန်ပီယံ တစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာကို ဝမ်းသာဂုဏ်ယူပါတယ်။ ပထမနေ့နဲ့ ဒုတိယနေ့တို့မှာ ရလဒ်ပိုင်းတည်ငြိမ်ခဲ့သလို စွမ်းဆောင်ရည်ပိုင်းလဲ အားရကျေနပ်ဖွယ်ရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ တတိယနေ့မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်ကတော့ မျှော်လင့်ထားတာထက်ကို ပိုကောင်းခဲ့သလို ရလဒ်ပိုင်းကလဲ အားရကျေနပ်စရာကောင်းခဲ့ပါတယ်။ နောက်ဆုံးနေ့မှာလဲ ဒီစွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# အမျိုးသားရေးတာဝန်ကျေပွန်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

ကမ္ဘာတစ်ဝန်းတွင် သစ်ပင်၊ သစ်တောများကို အလွန်အမင်း ခုတ်လှဲရောင်းချလျက်ရှိကြသဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုမြင့်တက်လာခြင်း၊ ကမ္ဘာကြီးပူနွေးလာခြင်း၊ အပူပြင်းထန်ခြင်း၊ မိုးကြီးခြင်း၊ ရေလျှံခြင်း၊ မြေပြိုခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်း၊ မြေလျှင်လှုပ်ခတ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများ ရိုက်ခတ်ခြင်း စသည့် နောက်ဆက်တွဲ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရပြီဖြစ်သည်။ အစားထိုးသစ်ပင်များကို အချိန်မီ ထိထိရောက်ရောက် ဆောင်ရွက်သွားမှသာလျှင် ကျန်းမာရေးချူချာနေသော ကမ္ဘာမြေကြီးကို ကယ်တင်နိုင်မည်ဖြစ်သည်။

သက်ရှိများ မှီတင်းနေထိုင်လျက်ရှိသော ဤကမ္ဘာမြေကြီး ဟန်ချက်ညီစွာ ရပ်တည်နေနိုင်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲများစွာ ပါဝင်သောဂေဟစနစ်ဖြင့် ထိန်းသိမ်းထားရှိခြင်းဖြစ်သည်။ ထိုဂေဟစနစ်သည် လူသားတို့၏ပယောဂကြောင့် တဖြည်းဖြည်း ယိုယွင်းပျက်စီးလာနေပြီဖြစ်သည်။ အထူးသဖြင့် သစ်ပင်များကို လွန်ကဲစွာခုတ်ယူနေကြသောကြောင့် ဖြစ်သည်။ ထို့ပြင် ရှားပါးမျိုးစိတ်များကိုပါ သတ်ဖြတ်ရောင်းချနေကြသဖြင့် ဂေဟစနစ်သည် တစ်နေ့တခြား ပိုမိုဆုတ်ယုတ်လာနေပြီဖြစ်သည်။ ဂေဟစနစ် တစ်ခုလုံးအတွက် အခြေခံအကျဆုံးသည် သစ်ပင်များပင်ဖြစ်သည်။ သက်ရှိသတ္တဝါအားလုံးသည်သစ်ပင်များပေါ်တွင် မှီတည်နေကြရသည်။

**စဉ်ဆက်မပြတ်စိုက်ပျိုး**

ထို့ကြောင့် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများသည် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။ နှစ်စဉ်မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲများ အနည်းဆုံးသုံးကြိမ်ခန့် ပြုလုပ်လျက်ရှိသည်။ နိုင်ငံနှင့်ပြည်သူများအတွက် ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သက်ရှိလောကတည်မြဲစေရန်၊ ဇီဝမျိုးကွဲများရှင်သန်နိုင်ရန်၊ ဂေဟစနစ်တည်မြဲရန်၊ ရေဝေရေလဲဒေသ ထိန်းသိမ်းနိုင်ရန်၊ ရာသီဥတုမျှတစေရန်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ဆိုသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးနေခြင်းဖြစ်သည်။ ထိုသို့ စိုက်ပျိုးရာတွင် အရိပ်ရပင်၊ လေကာပင်များအပြင် ရတနာတန်းဝင် ကျွန်းပင်များ၊ ပြည်ပဈေးကွက်ဝင် မျိုးကောင်း၊ မျိုးသန့် သရက်ပင်များလည်း ပါဝင်နေသည်။

**စိမ်းလန်းစိုပြည်စေရန်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို လူတိုင်းကြိုက်နှစ်သက်ကြကြောင်း၊ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများလူများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူများကပင်ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ သစ်ပင်များစိုက်ပျိုးပေးကြခြင်းဖြစ်ပြီး တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း" ဇွန် ၆ ရက်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က "သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါလှကြောင်း၊ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများ အသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့်အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီးကျန်းမာရေးကို ထိခိုက်စေနိုင်သည့်



ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးကြောင်း၊ သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနဲ့မြေဆီလွှာ ထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့်ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း" ဇွန် ၁၅ ရက်တွင် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပပြုလုပ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား၌လည်း အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

**အကျိုးပြုလျက်ရှိ**

ဤကမ္ဘာမြေပေါ်တွင် သစ်ပင်မရှိလျှင် သက်ရှိအားလုံး ပျောက်ကွယ်သွားမည်ဖြစ်သည်။ သစ်ပင်များသည် လူသားတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်၊ အနံ့သက်ဆိုးများ၊ အဆိပ်အတောက်ဓာတ်ငွေ့များ၊ အမှုန်အမွှားများကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးကြသည်။ ထို့ပြင် ပင်စည်နှင့်အမြစ်များသည် မိုးရေကိုစုပ်ယူထားသဖြင့် ပူပြင်းခြောက်သွေ့မှုဒဏ်ကိုလည်း ကာကွယ်ပေးနိုင်သည်။ အထူးသဖြင့် မိုးရေများကို မြစ်ချောင်းများအတွင်းသို့ တိုက်ရိုက်စီးဆင်းစေခြင်းမရှိဘဲ ထိန်းသိမ်းထားနိုင်စွမ်းရှိသည်။ ထို့ကြောင့် သစ်ပင်၊ သစ်တော ပေါများသောဒေသရှိ ပြည်သူများသည် မျှတသည့်ရာသီဥတုကိုသာ ကြုံတွေ့ခံစားကြရသည်။

သစ်ပင်သစ်တောများသည် သဘာဝပတ်ဝန်းကျင် သာယာရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရာတွင် အခြေခံအကျဆုံးသော အရင်းအမြစ်များဖြစ်သည်။ သစ်တောများနှင့်လွှမ်းခြုံထားသော ဒေသများတွင် ရေအရင်းအမြစ်များကို ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့နောက် ရာသီဥတုမှန်ကန်လာခြင်း၊ မိုးရေချိန်ပြည့်မီစွာရရှိသဖြင့် သောက်သုံးရေအပြင် စိုက်ပျိုးရေကိုပါ ဖူလုံစွာရရှိလာမည်ဖြစ်သည်။ ထိုသို့ မိုးလေဝသမှန်ကန်မှုကြောင့် မြန်မာနိုင်ငံ၏လူဦးရေ အများစုဖြစ်သည့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် သစ်ပင်စိုက်ပျိုးမှုကို လှုပ်ရှားမှုပေါင်းစုံဖြင့် ဆောင်ရွက်သွားသင့်သည်။ ဆိုလိုသည်မှာ အပန်းဖြေခရီး သို့မဟုတ် တစ်နေရာရာသို့ရောက်ရှိချိန်တွင် အမှတ်တရသစ်ပင် အနည်းဆုံးတစ်ပင် စိုက်ပျိုးခြင်း၊ သူငယ်ချင်းများ၊ မိတ်ဆွေများ၊ ချစ်သူများကို မေတ္တာလက်ဆောင်အဖြစ် သစ်ပင်များကို ပေးအပ်ခြင်း၊ နှစ်ပတ်လည်အခမ်းအနားများ၊ နေ့ထူးနေ့မြတ်များတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ပြည်သူအားလုံး ပါဝင်စိုက်ပျိုးခြင်း၊ ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားသင့်သည်။

**စိုက်ပျိုးလျက်ရှိ**

ရှေးယခင်က မြန်မာနိုင်ငံတွင် သစ်တောသစ်ပင်ဖုံးလွှမ်းမှုဧရိယာ များပြားခဲ့သည်။ ထို့ကြောင့် နှစ်စဉ်မိုးလေဝသမှန်ကန်ပြီး မိုးရေချိန်ပြည့်မီသောကြောင့် ကောက်ပဲသီးနှံ အထွက်နှုန်းများ ကောင်းမွန်ခဲ့သည်။ ထိုသို့ ရာသီဥတုကောင်းမွန်သောကြောင့် နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသရှိ ပြည်သူများ၏ စား၊ ဝတ်၊ နေရေး လုပ်ငန်းများ အဆင်ပြေချောမွေ့ခဲ့ကြသည်။ သို့သော် မျက်မှောက်ကာလတွင်မူ သစ်ထုတ်လုပ်ရောင်းချမှု၊ ထင်းလောင်စာတောင့် ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းတောင်ယာစနစ်တို့ကြောင့် သစ်တောဖုံးလွှမ်းမှုဧရိယာများ တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။

မြန်မာနိုင်ငံ၏သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ် ပဏာမအစီရင်ခံစာအရ ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည့်အတွက် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိနေသည်။ ထို့ကြောင့် ရာသီဥတုမျှတပြီး သစ်တောဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုများ ပိုမိုရရှိစေရေးအတွက် နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းထိ သစ်တောများဖုံးလွှမ်းအောင် ရည်မှန်းချက်ထားပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် ၂၀၂၂ ခုနှစ် မိုးရာသီမှ ၂၀၂၄ ခုနှစ် မိုးရာသီထိ နိုင်ငံတစ်ဝန်းတွင် ပျိုးပင်စုစုပေါင်း ၉၀ ဒသမ ၅၅ သန်းကျော် ဖြန့်ဝေစိုက်ပျိုးပေးနိုင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ယခုနှစ် မိုးရာသီ၌လည်း အမြင့်နှစ်ပေအထက် ပျိုးပင် ၂၀ ဒသမ ၅၉ သန်းကို နိုင်ငံတစ်ဝန်းဖြန့်ဝေပေးကာ စိုက်ပျိုးသွားမည်ဖြစ်သည်။

**အစိမ်းရောင်ဖွံ့ဖြိုးမှုအစီအစဉ်**

ထို့ပြင် နိုင်ငံတော်အစိုးရသည် လမ်းဘေး ဝဲ၊ ယာ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းများ တည်ထောင်ခြင်း၊ မြစ်ချောင်းများဘေး ဝဲ၊ ယာ တစ်လျှောက် သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်း၊ လမ်းမကြီးအသီးသီးနှင့် ရထားလမ်းဘေး ဝဲ၊ ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာနှစ်ဧ စိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ ရာဂီမုန်တိုင်းကြောင့်ရေကြီးရေလျှံဖြစ်ခဲ့သည့်နေရာဒေသများတွင် သစ်ပင်များ စိုက်ပျိုးခြင်း စသည့်အစိမ်းရောင်ဖွံ့ဖြိုးမှုအစီအစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် "အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာ တောတန်း၊ တစ်တောဝင်တစ်တောဆက်၊ မြို့တက်မဲ့လမ်း"ဆိုသည့်အတိုင်း ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ရပ်ကွက်၊ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီးတွင် စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသ ရရှိစေရေး ကိုယ်တိုင်အသိစိတ်ဓာတ်အပြည့်အဝဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းပြီး တိုးချဲ့ စိုက်ပျိုးသွားရန် လိုအပ်သည်။ ထို့ပြင် စိုက်ပျိုးပြီးသည့် သစ်ပင်သစ်တောများကိုလည်း တစ်ပင်စိုက်လျှင် တစ်ပင်"ရှင်အောင်စိုက်ပျိုး၊ ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်း"သွားရန်လိုအပ်သည်။ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များ ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတ အမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံး ဝိုင်းဝန်းထိန်းသိမ်းသွားရန်လိုအပ်သည်။

**အမျိုးသားရေးတာဝန်**

သစ်ပင်သစ်တောများသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်အစိုးရသည် အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးလျက်ရှိသည်။ ထို့ကြောင့် ပြည်သူအားလုံးအနေဖြင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးအတွက် သစ်တောစိုက်ပျိုးထိန်းသိမ်းခြင်း လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား-**

**- ဇွန် ၇ ရက်နှင့် ဇွန် ၁၆ ရက်ထုတ် သတင်းစာများ။**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# Taurus V Production မှ စီစဉ်ရိုက်ကူးထားသည့် ပွဲတင်သံ အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကြီး ဇူလိုင်လအတွင်း ရုံတင်ပြမည်ဖြစ်




**ရန်ကုန် ဇူလိုင် ၆**

Taurus V Production မှ စီစဉ်ရိုက်ကူးထားသည့် ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားကို ဇူလိုင်လ တတိယပတ်အတွင်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ကောင်းဇံထံမှ သိရသည်။

အဆိုပါ ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားသည် စာရေးဆရာမကြီး မစန္ဒာ၏ အောင်မြင်သည့် ဝတ္ထုတစ်ပုဒ်ကို လွင်မင်းအံ့က ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ကောင်းဇံက Taurus V Production အတွက် တာဝန်ယူ ရိုက်ကူးပုံဖော်ထားခြင်း ဖြစ်ကြောင်း သိရသည်။

"ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားကတော့ ပြီးခဲ့တဲ့ ၂၀၂၄ ခုနှစ်မှာ အကောင်းဆုံး ဇာတ်ကားဆုရရှိထားတဲ့ Taurus V Production ရဲ့ နောက်ထပ် အနုပညာဖန်တီးတင်ဆက်မှုတစ်ခုဖြစ်ပါတယ်။ ဒီဇာတ်လမ်းကလည်း စာရေးဆရာမကြီးမစန္ဒာရဲ့ ဇာတ်လမ်းဖြစ်တဲ့အတွက် အကောင်းဆုံးနဲ့ ချွတ်ယွင်းချက်မရှိအောင် ပုံဖော်ထားပါတယ်။ ဝါရင့်သရုပ်ဆောင် အကယ်ဒမီဆုရှင်တွေနဲ့ လူငယ်အကယ်ဒမီဆုရှင်တွေ ပါဝင်ထားတဲ့အတွက် သရုပ်ဆောင်ပိုင်းမှာလဲ အကောင်းဆုံးအနေအထားဖြစ်ပါတယ်။ ပိတ်ကားထက်မှာ ကြည့်ရှုဝေဖန်ပေးကြပါအုံး" ဟု ဒါရိုက်တာ ကောင်းဇံက ပြောပြသည်။

အဆိုပါ ပွဲတင်သံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် အေးချမ်းမောင်၊ မင်းဦး၊ တေဇလင်းရောင်၊ အရိုင်း၊ သက်ဦးကို၊ လပြည့်၊ မေမီကိုကို၊ မျိုးသန္တာထွန်း၊ နှင့် အခြားသရုပ်ဆောင်ပေါင်းများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Send a Scare ဇာတ်ကား၌ မင်းသား မတ်ဂိုမက်ဇ် ဟီဒါကာ ပါဝင်လာ

**နယူးယောက် ဇူလိုင် ၆**

Send a Scare အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ မင်းသား မတ်ဂိုမက်ဇ် ဟီဒါကာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၅ ရက် သတင်းများအရ သိရသည်။

Send a Scare ဇာတ်ကားတွင် မင်းသား မတ်ဂိုမက်ဇ် ဟီဒါကာသည် မင်းသမီး ဗစ်တိုးရီးယား ဂျက်စတစ်၊ မင်းသား ရော်ဘီအစ်မဲလ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Send a Scare ဇာတ်ကားသည် ထိတ်လန့်သည်းဖို ဖြစ်စဉ်များအတွက် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းတစ်ခုအကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဂျို့ရှ် ထရန့် တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို အန်ဒယူးရိုင်ယန်နှင့် ဂျို့ရှ် ထရန့်တို့က ရေးသားထားသည်။

လက်ရှိအချိန်တွင် Send a Scare ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို စတင်နေပြီဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Send a Scare ဇာတ်ကားရုံတင်ပြသမည့် အချိန်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရန်ကင်းမြို့နယ်ရှိ Sedona Hotel တွင် မင်္ဂလာပွဲခင်း အမည်ရှိ သဘင်အနုပညာဖျော်ဖြေပွဲ ကျင်းပပြုလုပ်သွားမည်




**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ Sedona Hotel တွင် မင်္ဂလာပွဲခင်းအမည်ရှိ သဘင်အနုပညာဖျော်ဖြေပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ သဘင်အနုပညာ ဖျော်ဖြေပွဲကို ဦးဆောင်စီစဉ်သည့် ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းထံမှ သိရသည်။

မင်္ဂလာပွဲခင်း အမည်ရှိ သဘင်အနုပညာ ဖျော်ဖြေပွဲကို ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းဦးဆောင်ကာ သဘင်မင်းသား၊ မင်းသမီးများဖြစ်ကြသည့် ဆန်းမင်းအောင်၊ ဘွန်း၊ ဖူးချစ်၊ ချမ်းချမ်းမိုး၊ ဆန်းရွှေစင်၊ နိုဘယ်လှိုင်၊ မေမြတ်နိုးခင်တို့နှင့်အတူ လူရွှင်တော်များအဖြစ် မေတ္တာမြင့်မြတ်ဟိန်း၊ ဗူးသီးတို့က ရွှာစားဝါးခယ်မ စိန်မုန့်လုံးဆိုင်း အဖွဲ့ဖြင့် ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်း သိရသည်။

"ဇာတ်ပွဲဆိုတာ ပွဲကြည့်သူနဲ့ ပွဲကသူတို့ အတူတူဆုံဆည်းကြပြီး အတူတူရင်ခုန်ခံစားကြရတာကမှ တကယ့်အနှစ်သာရပါ။ ဖန်သားပြင်မှာ ဘယ်လိုပဲ ကြည့်ကြရတယ်ဆိုပေမဲ့ ပွဲခင်းထဲ လူကိုယ်တိုင် သွားကြည့်ရတဲ့ အရသာကို သဘင်ပွဲချစ်သူတိုင်း သိပြီးသားမို့ ဒီစိတ်အာဟာရ လိုအပ်ချက်ကို ဖြည့်စွက်ရအောင်လို့ မင်္ဂလာပွဲခင်း အစီအစဉ်ကို စီစဉ်လိုက်တာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အဆိုပါ သဘင်အနုပညာဖျော်ဖြေပွဲကို Sedona Hotel မင်းတုန်းခန်းမတွင် လာမည့် ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီမှ ည ၇ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Apple ၏ Being Heumann ဇာတ်ကား၌ သရုပ်ဆောင်သုံးဦးထပ်မံပါဝင်လာ

**နယူးယောက် ဇူလိုင် ၆**

Apple Original Films ကုမ္ပဏီ၏ Being Heumann အမည်ရှိ အတ္ထုပ္ပတ္တိဇာတ်ကား၌ မင်းသား ရော့ဘ်ဒီလာနီ၊ ရေးဖစ်ရှားနှင့် မင်းသမီး မက်ဒလင်းဒပ်တို့လည်းပါဝင်လာကြောင်း ဇူလိုင် ၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ သရုပ်ဆောင်သုံးဦးတို့သည် မင်းသား မာ့ခ် ရက်ဖာလို၊ ဒီလန် အိုဘရိုင်ယန်နှင့် မင်းသမီး ရှသ်မတ်ဒလေတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Being Heumann ဇာတ်ကားသည် အမေရိကန်အမျိုးသမီး မသန်စွမ်းသူများ အခွင့်အရေး လှုပ်ရှားသူ ဂျူဒီဟူးမန်း၏ ကိုယ်ရေးမှတ်တမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသမီး ရှသ်မတ်ဒလေက ဂျူဒီဟူးမန်းအဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Being Heumann ဇာတ်ကားကို အော်စကာဆုရအမျိုးသမီးဒါရိုက်တာ စီယန်ဟီဒါက တာဝန်ယူရိုက်ကူးဖြစ်ကြောင်း သိရသည်။

Being Heumann ဇာတ်ကား ရိုက်ကူးမည့်နေ့နှင့် ရုံတင်မည့်နေ့တို့ကို Apple Original က ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ကွမ်းခြံကုန်းမြို့နယ် မော်ဘီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**ကွမ်းခြံကုန်း ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်ဘီကျေးရွာအုပ်စု မော်ဘီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မော်ဘီကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၄၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၅၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# Families of Office of Commander-in-Chief of Defence Services (Army, Navy and Air) hold Waso robes offering ceremony for 2025



Senior General Min Aung Hlaing offers a meal in an emerald bowl, fruits, flowers, water and oil lamps to the Buddha Image.



Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation taking the Nine Precepts from the SSMNC Chairman Sayadaw.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer a meal to Sayadaws.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robes and alms to the SSMNC Chairman Sayadaw.

**Nay Pyi Taw July 6**

Families of the Office of the Commander-in-Chief of Defence Services (Army, Navy and Air) held a ceremony to offer Waso robes for 2025 at Anawrahta Hall of the Office of the Commander-in-Chief (Army) this morning. Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony and offered Waso robes, offertories and a day meal.

Present to pay respects to 27 invited Sayadaws including Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammathamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of the SAC Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, Union level officials and wives, senior military officers from the Office of the Commander-in-Chief of Defence Services and wives and officials.

First, the Senior General paid homage and offered a meal in an emerald bowl, fruits, flowers, water and oil lamps to the Buddha Image in Anawrahta Hall.

Next, the ceremony was opened with a three-time recitation of Namotassa, and the congregation led by the Senior General and wife took the Nine Precepts from the SSMNC Chairman Sayadaw. Sayadaws recited Parittas.

Later, the Senior General and wife offered Waso robes and alms to the SSMNC Chairman Sayadaw.

The Vice-Senior General and wife then offered Waso robes and alms to the SSMNC Secretary Sayadaw.

Afterward, those in attendance and wives offered Waso robes and alms to the remaining Sayadaws.

The Senior General and wife and

*See Page 13*



Vice-Senior General Soe Win and Daw Than Than Nwe offer Waso robes and alms to the SSMNC Secretary Sayadaw.

*From Page 12*

the congregation heard a sermon delivered by the SSMNC Secretary Sayadaw and the merits gained were shared. The ceremony then came to a close after a three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and wife, the Vice-Senior General and wife and the senior military officers in attendance offered day meal to the Sayadaws led by the SSMNC Chairman Sayadaw. 100

# Monywa Township completes cultivation of more than 5,000 acres of sesame this monsoon

**Monywa July 6**

Local farmers have finished cultivation of sesame on more than 5,000 acres of croplands as monsoon crops in Monywa Township of Sagaing Region this year.

During the 2025-2026 monsoon cropping season, it is planned to cultivate 11,520 acres of monsoon sesame in Monywa Township. Planting began in May of this year, and as of today, 5,373 acres have already been planted.

"The target for this year's monsoon cropping season in Monywa Township is to cultivate over 11,000 acres of monsoon sesame. So far, more than 5,000 acres have been planted, and planting is ongoing. Efforts are being made to ensure that the full targeted acreage is cultivated. Work is also being done to expand sesame cultivation, improve yields, and promote cultivation using GAP (Good Agricultural Practices) techniques," said U Soe Thet Aung, head of the Monywa Township Department of Agriculture.

This year, the Monywa Township Department of Agriculture is providing educational support to local farmers to help them expand sesame cultivation, adopt modern cultivation techniques, follow GAP standards, use quality seeds, and grow high-yield varieties.

Crops grown under the GAP system offer several benefits over those grown using other methods: they are of higher quality, fetch better prices, and are marketable not only domestically but also internationally. As a result, farmers practicing GAP cultivation are expected to gain greater economic benefits and see improvements in their socio-economic livelihoods. 206

# Mingin Township grows over 1,000 acres of rain-fed vegetables

**Mingin July 6**

More than 1,000 acres of vegetables have been planted in Mingin Township during this year's rain crops planting season, according to the statistics of the Department of Agriculture for Mingin Township.

Mingin Township has planned to plant 3,028 acres of vegetables during the 2025-2026 rain crops planting season, and the planting of these vegetables has started in May this year, and 1,362 acres have been planted so far.

"This year's rain crops planting season, Mingin Township has planned to plant more than 3,000 acres of vegetables. More than 1,000 acres have been planted so far. We are continuing to plant. We are working to ensure that the target acres are met. These are mustard, chili, spices, potatoes, cabbages, and eggplant. We provide farmers with technology to grow all vegetables according to the GAP system. We provide farmers with technology to grow all vegetables with the least chemical residue and in a healthy way," said Daw Hayman Kyaw Win, head of the Department of Agriculture for Mingin Township. 206



A vegetable farm.

# 72 dead, 130 injured in rain-related accidents across Pakistan

**Islambad July 6**

Torrential monsoon rains and flash floods have claimed at least 72 lives and injured 130 others across Pakistan since June 26, the disaster management authority said on Sunday.

The National Disaster Management Authority (NDMA) confirmed six additional deaths and three injuries from rain-related accidents over the past 24 hours, as extreme weather continued to batter parts of the country.

According to the NDMA, the heaviest toll was reported from the northwest Khyber Pakhtunkhwa province, where 28 people, including 12 children, lost their lives, and 23 others were injured.

Authorities have warned of more rains in the coming days and urged residents in vulnerable areas to take precautionary measures.

Xinhua

# Farmers plant more than 3,000 acres of rain-fed paddy in Kani Township

**Kani July 6**

According to statistics of Yinmabin District Agriculture Department, local farmers planted more than 3,000 acres of rain-fed paddy in Kani Township of Sagaing Region this year.

During the 2025–2026 monsoon crop season, Kani Township has targeted the cultivation of 23,285 acres of rain-fed paddy. Cultivation began in May of this year, and as of today, 3,910 acres have already been planted.

"The plan for this year's monsoon crop season in Kani Township is to cultivate over 23,000 acres of rain-fed paddy. So far, more than 3,000 acres have been cultivated. Planting is ongoing, and efforts are being made to ensure the targeted acreage is fully planted. Necessary technologies and quality seeds will be provided for rain-fed paddy cultivation. Field visits are being conducted to assist farmers in timely planting," said Daw Myat Moe Win, Head of the Agriculture Department for Yinmabin District.

It is also reported that, during this year's monsoon crop season, relevant township agricultural departments and local farmers are collaborating to ensure systematic cultivation of rain-fed paddy without major difficulties.

In Kani Township, farmers growing rain-fed paddy are being supported with agricultural technology, pest prevention awareness, and guidance to prevent crop loss or damage. Farmers are also being advised on timely post-harvest storage to ensure paddy is sheltered and protected.

This year, the rain-fed paddy fields in Kani Township are reportedly thriving. In order to achieve high yields, the township agriculture department and its staff are actively providing on-site technical support, including selection and use of quality seeds, pest control, manual weeding, removal of off-type varieties, and proper use of fertilizers. 206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီဂျစ်နိုင်ငံက တရုတ်နိုင်ငံထုတ် HQ-9B တာဝေးပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်ကို တပ်ဖြန့်အသုံးပြုနိုင်ခဲ့



အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် HQ-9B တာဝေးပစ် မြေပြင်မှဝေဟင်ပစ် ဒုံးကျည်စနစ်ကို တပ်ဖြန့်အသုံးပြုနိုင်ခဲ့ပြီဟု အတည်ပြုနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါတရားဝင် အတည်ပြုချက်ကို အငြိမ်းစားဗိုလ်ချုပ် Samir Farag ကို အီဂျစ်နိုင်ငံ Sada El-Balad TV သတင်းဌာနနှင့် အင်တာဗျူးတစ်ရပ်တွင် ထုတ်ဖော်ပြောကြားခဲ့ခြင်းမှ ကောက်ချက်ချနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဇူလိုင်လဆန်းတွင် တရုတ်နိုင်ငံမှပြန်လည်ရောက်ရှိလာသော အီဂျစ်လေတပ်၏ IL-76MF သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးအပါအဝင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ဆောင်ချက်များအပေါ် စောင့်ကြည့်အကဲခတ်နေသူများက အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံထုတ် HQ-9B လက်နက်စနစ်ကို တပ်ဖြန့်လုပ်ဆောင်နေပြီဖြစ်ကြောင်း အစောပိုင်းသတင်းထွက်ပေါ်မှုများနှင့်အတူ ယခုလို အတည်ပြုနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ရုရှား၊ တရုတ်၊ အနောက်အုပ်စုထုတ် လက်နက်စနစ်များအပါအဝင် အီဂျစ်နိုင်ငံ၏ အလွှာစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်၏အစိတ်အပိုင်းတစ်ခုအဖြစ် HQ-9B ဒုံးကျည်လက်နက်စနစ်ကို တရားဝင်အသိအမှတ်ပြုနိုင်ခဲ့ပြီဖြစ်သည်။

အထူးသဖြင့် တရုတ်နိုင်ငံထုတ် HQ-9B ဒုံးကျည်လက်နက်စနစ်ကဲ့သို့ အဆင့်မြင့်ကိုယ်ပျောက်လေယာဉ်များကို ဖမ်းယူထောက်လှမ်းနိုင်စွမ်းရှိပြီး တိကျပဲ့ထိန်းလက်နက်များကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည့်လက်နက်စနစ်များထိ ဝယ်ယူဖြည့်တင်းသည့်အဆင့်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

HQ-9B ဒုံးကျည် လက်နက်စနစ် ဝယ်ယူအသုံးပြုနိုင်မှုသည် တရုတ်နိုင်ငံထံသို့ပြန်လည်ခြေဦးလှည့်လာသည့် အီဂျစ်နိုင်ငံ၏ အလှည့်အပြောင်းတစ်ရပ်လည်းဖြစ်ပြီး Wing Loong-1D ဒရုန်းများဝယ်ယူမှုနှင့် တရုတ်နိုင်ငံထုတ် ကိုယ်ပျောက်တိုက်လေယာဉ်များ ဝယ်ယူဖြည့်တင်းရန် စိတ်ပါဝင်စားသည့်အဆင့်ထိ ကျယ်ပြန့်စွာချဉ်းကပ်လာမှုလည်းဖြစ်သည်။ ဤလမ်းကြောင်းသည် အီဂျစ်နိုင်ငံအနေဖြင့် အစဉ်အလာရ ဆက်ဆံခဲ့သောအနောက်အုပ်စုမိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးပြန်လည် ထိန်းကျောင်းနိုင်စေမည်ဖြစ်သည်။ အနောက်အုပ်စုမဟုတ်သော နိုင်ငံများထံမှ စစ်လက်နက်ပစ္စည်းများ ပြောင်းလွယ်ပြင်လွယ်ရှိစွာ ဝယ်ယူဖြည့်တင်းမှုအပြင် ကန့်သတ်ထိန်းချုပ်ထားသောနည်းပညာများဝယ်ယူဖြည့်တင်းအသုံးပြုနိုင်ခွင့်ရရှိစေရေးအတွက် နိုင်ငံ၏ဩဇာညောင်းမှုကို ပိုမိုတိုးမြှင့်နိုင်စေမည်ဖြစ်သည်။

HQ-9B လက်နက်စနစ်တပ်ဖြန့်အသုံးပြုနိုင်ခဲ့ခြင်းသည် အထူးသဖြင့် အနောက်နိုင်ငံများ၏လက်နက်ဝယ်ယူရေးကန့်သတ်ချက်များနှင့် အကြိမ်ပေါင်းများစွာပြဿနာများအပြီး အီဂျစ်နိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ ဝယ်ယူအသုံးပြုရာ၌ ရင်းမြစ်နိုင်ငံများကို မတူကွဲပြားစွာအသုံးပြုနိုင်စေရန် ပြတ်သားသောဆုံးဖြတ်ချက်ကို ထင်ဟပ်စေလျက်ရှိသည်။

အီဂျစ်နိုင်ငံ၏ HQ-9B လက်နက်စနစ်ကို တပ်ဖြန့်အသုံးပြုနိုင်ခဲ့ခြင်းသည် နိုင်ငံရေးအရဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ ကန့်သတ်ချက်အနည်းငယ်ဖြင့် ခေတ်မီလေကြောင်းရန် ကာကွယ်ရေးနည်းပညာများကို ထောက်ပံ့ပေးအပ်လိုသော နိုင်ငံရပ်ခြားထောက်ပံ့ရောင်းချသူများထွက်ပေါ်လာမှုကို သရုပ်ပြသနေခြင်းဖြစ်ကြောင်း သိရသည်။

**Egyptian General confirms deployment of Chinese HQ-9B air defense missile system to track stealth fighters.** ကို ဘာသာပြန်ဆိုထားပါသည်။

## ဆွစ်ဇာလန်က တာလတ်ပစ်မြေပြင်အခြေစိုက်လေကြောင်းရန်ကာကွယ်ရေးစနစ်များ ပူးပေါင်းဝယ်ယူရန် ဂျာမနီနှင့် လက်မှတ်ရေးထိုး

ဆွစ်ဇာလန်နိုင်ငံသည် အမျိုးသားလေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အဆင့်မြှင့်တင်ရန်အတွက် တာလတ်ပစ်မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေး IRIS-T SLM (GBAD MR) စနစ်များကို ပူးပေါင်းဝယ်ယူရေးအတွက် ဂျာမနီနိုင်ငံနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်ဟု Army Recognition သတင်းဌာနက ဇူလိုင် ၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွစ်ဇာလန်နိုင်ငံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးချုပ် Loher နှင့် ဂျာမနီနိုင်ငံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးချုပ် Carsten Stawitzki တို့ လက်မှတ်ရေးထိုးခဲ့ကြသော အဆိုပါသဘောတူညီချက်သည် ဥရောပကောင်းကင်ယံကာကွယ်ရေး(ESSI)၏ မူဘောင်အတွင်း အခြေခံအုတ်မြစ်လည်းဖြစ်သည်။ ဆွစ်ဇာလန်နိုင်ငံ ဖက်ဒရယ်ကောင်စီသည် နိုင်ငံပေါင်းစုံပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် လုပ်ဆောင်မှုတို့မှတစ်ဆင့် နိုင်ငံ၏ခံစစ်စွမ်းရည်များ ခိုင်မာအားကောင်းစေမည့် အနာဂတ်ဝယ်ယူရေးစာချုပ်များအတွက် လမ်းဖွင့်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန် ၂၀ ရက်တွင် သဘောတူညီချက်ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ESSI တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ဆွစ်ဇာလန်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ကုန်ကျစရိတ်သက်သာစွာဖြင့် စနစ်များပေါင်းစည်းနိုင်မှုကို အဆင့်မြှင့်တင်ပေးနိုင်မည့် ဥရောပမိတ်ဖက်နိုင်ငံများနှင့် စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှုများအပြင် နည်းပညာဆိုင်ရာစံနှုန်းများကိုလည်း မျှဝေသိရှိလာနိုင်စေမည်ဖြစ်သည်။ အဆိုပါဝယ်ယူရေးတွင် ဂျာမန်ကာကွယ်ရေးကုမ္ပဏီ Diehl Defense GmbH & Co. KG မှတီထွင်ထုတ်လုပ်ထားသည့် IRIS-T SLM (GBAD MR) လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ငါးစုံပါဝင်သည်။ ဆွစ်ဇာလန်ဖရန့်စ် သန်း ၆၆၀ အာမခံခရက်ဒစ်ထားရှိမှုကို ၂၀၂၄ ခုနှစ် လက်နက်တပ်ဆင်ရေးအစီအစဉ်အောက်မှ ယခင်ကတည်းကပင်ခွဲဝေချထားပေးခဲ့ပြီး ၎င်း၏လေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ခေတ်မီစေရန် ဆွစ်ဇာလန်နိုင်ငံ၏ မဟာဗျူဟာမြောက်ကတိကဝတ်ကို ထုတ်ဖော်ပြသခဲ့သည်။

IRIS-T SLM စနစ်သည် တာဝေးပစ်ဒုံးကျည်များနှင့် ဒုံးကျည်များအပါအဝင် တာဝေးလေကြောင်းခြိမ်းခြောက်မှုများကို ခုခံကာကွယ်ရန်အတွက် မရှိမဖြစ်လိုအပ်သော တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ပိုင်ဆိုင်ထားသည်။ ပေါင်းစည်းလေကြောင်းရန်ကာကွယ်ရေးကွန်ရက်(IADS) ဖွဲ့စည်းပုံတွင် အကွာအဝေးနှင့် အမြင့်အမျိုးမျိုးထိ လွှမ်းခြုံကာကွယ်နိုင်စွမ်းနိုင်ရှိမည်ဖြစ်ပြီး လေကြောင်းစိုးမိုးမှုကို ထိန်းသိမ်းထားနိုင်ရန် ဆွစ်ဇာလန်နိုင်ငံ၏စွမ်းဆောင်ရည်များကိုအဆင့်မြှင့်တင်နိုင်ရန်အတွက် အရေးပါသော လက်နက်စနစ်လည်းဖြစ်သည်။

GBAD MR(Ground-Based Air Defense) စွမ်းရည်သည် Patriot ဒုံးခွင်းဒုံးစနစ်ကဲ့သို့ တာဝေးပစ်ဒုံးကျည်စနစ်များပါရှိသော အလွှာလိုက်ကာကွယ်ရေးဖွဲ့စည်းပုံကို သိသိသာသာအင်အားဖြည့်တင်းပေးနိုင်လိမ့်မည်ဖြစ်သည်။ လက်ရှိအသုံးပြုလျက်ရှိသော Stinger ပခုံးထမ်းဒုံးကျည်စနစ်များ၊ တာလတ်ပစ်လေယာဉ်ပစ်လက်နက်စနစ်များမှ တန်ပြန်တိုက်ခိုက်ရန် ကန့်သတ်ချက်များကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ အမြင့်ပျံ၊ အဝေးမှတိုက်ခိုက်လာနိုင်သည့် ခေတ်သစ်လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် အဆိုပါလက်နက်စနစ်များသည် လက်လှမ်းမမီနိုင်တော့ပေ။

သို့ဖြစ်၍ ESSI နှင့် GBAD MR အစီအစဉ်အောက်တွင် ပူးပေါင်းပါဝင်ခြင်းဖြင့် ဆွစ်ဇာလန်နိုင်ငံသည် နိုင်ငံ၏အမျိုးသားလုံခြုံရေးကို ခိုင်မာအားကောင်းစေရုံသာမက ပိုမိုစည်းလုံးညီညွတ်စွာတုံ့ပြန်မှုရှိသော ဥရောပတိုက်လေကြောင်းရန်ကာကွယ်ရေးဖွဲ့စည်းပုံကိုလည်း ပံ့ပိုးပေးနိုင်သည်။ ဤလုပ်ဆောင်ချက်သည် ဆွစ်ဇာလန်နိုင်ငံ၏ အစဉ်တစိုက်ကြားနေနိုင်ငံဖြစ်မှုနှင့် အမှီအခိုကင်းစွာ ရပ်တည်နိုင်မှုကိုထိန်းသိမ်းထားနေစဉ် ဖက်ဒရယ်ကောင်စီ၏ စစ်လက်နက်ပစ္စည်းမူဝါဒမဟာဗျူဟာရည်မှန်းချက်များကို ထင်ဟပ်စေလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့် လုံခြုံရေးကြိုးပမ်းမှုများကို အလေးပေးဖော်ပြလျက်ရှိကြောင်း သိရသည်။



**Breaking News: Switzerland joins European Sky Shield to acquire German IRIS-T SLM air defense missile systems** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၁၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ဧက ၁၁၀၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အရာတော်မြို့နယ်တွင် နေကြာ ၂၇၃၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၁၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အရာတော်မြို့နယ်အတွင်း နေကြာ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နေကြာစိုက်ပျိုးမည့်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးသလဲထိုးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလက ငါးသလဲထိုး ပိဿာချိန် ၅၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးသလဲထိုး ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးသလဲထိုး တစ်ပိဿာလျှင် ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဇွန်လထဲမှာ ကျိုက်လတ်မြို့နယ်ကနေ ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေထဲက ငါးသလဲထိုးတွေကို လက်ရှိ ရန်ကုန်ဈေးကွက်က မှာယူနေသလို နောက်ထပ်လဲ မှာယူနေပါတယ်။ ကုန်ချိန်အများအပြားတင်ပို့ရတော့ ရေလုပ်သားတွေအပါအဝင် ငါးအရောင်းအဝယ်လုပ်နေတဲ့ပွဲရုံပိုင်ရှင်တွေ အဆင်ပြေနေပါတယ်''ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီသီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးများအပါအဝင် ရေထွက်ကုန်များ တင်ပို့မှု ကောင်းလာသည့်အတွက် ပွဲရုံပိုင်ရှင်များ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပေါင်းတည်မြို့နယ် ထန်းတပင်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါင်းတည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ထန်းတပင်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများက ထန်းတပင်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ ဒသမ ၉ သန်းဖြင့် ယခုနှစ် မေလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီပေးပို့နိုင်တော့မည်ဖြစ်သောကြောင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေထံမှ သိရသည်။

**သုတ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ပဲခူးမြို့နယ် ဈေးညောင်ပင်ကြီးကျေးရွာ၌ ဂဝံမြေလမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး



**ပဲခူး ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အောက်စီးတီးအရှေ့ကျေးရွာအုပ်စု ဈေးညောင်ပင်ကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေများဖြင့် ကျေးရွာအဝင်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဈေးညောင်ပင်ကြီးကျေးရွာ၌ ကျေးရွာအဝင်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးမြို့နယ် ဈေးညောင်ပင်ကြီးကျေးရွာ၌ လမ်း အရှည် ပေ ၁၂၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိသော ကျေးရွာအဝင်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေ ၂၈ ရက်ကစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာနှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုလေး**


တိုဗက် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





ဆရာတော်ထံ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ရှေ့ဖုံးမှအဆက်

ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိဗုဒ္ဓရုပ်ပွားတော်မြတ်အားဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊သစ်သီး၊ပန်းမန်၊သောက်တော်ရေချမ်းနှင့်ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက်အခမ်းအနားကိုနမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီးတက်ရောက်လာကြသူများ နှင့်ဇနီးများက ဆရာတော်၊သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ် ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော် အရာရှိကြီးများသည် သန်လျင်မင်းကျောင်း ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)




နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၆**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၆၃ ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ကျင်းပပြုလုပ်ရာ တောင်ကြီးမြို့ စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စွန်းလွန်းကမ္မဋ္ဌာန်းကျောင်းတိုက် နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတေဇဝန္တထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူအလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းဆန်စိမ်းများလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရန်အောင်မြင်ခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ မန္တလေး ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် မိတ္ထီလာကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ မိတ္ထီလာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကိုနာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို ဝါဆိုသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ ဆရာတော်ကြီးထံမှအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ဆရာတော်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# လျှော်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ နေထိုင်လျက်ရှိသည့် Container Houses များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container Houses များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များကို Container House များသို့ ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများအတွက် Container Houses များ ဆောက်လုပ်၍ နေရာချထား



သည့် နေပြည်တော်ဘူတာကြီး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး(ရွာတော်)၊ ရုံးအမှတ်(၂)၊ ရုံးအမှတ်(၅)၊ နေပြည်တော် ဗဟိုစာတိုက်ကြီးနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေရာများသို့ သွားရောက်၍ Container Houses များ ဆောက်လုပ်ပြီးစီးမှု၊ ဝန်ထမ်းနှင့် မိသားစုများအတွက် သောက်ရေသုံးရေ ရရှိရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စားဖိုဆောင်များ စနစ်တကျဆောက်လုပ်ရန်၊ မိလ္လာနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေး ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့် နေရာများတွင် သီးပင်စားပင်များ စနစ်တကျစိုက်ပျိုးရန်၊ အိမ်ရာအလိုက် တည်မြဲအမိန့်ထုတ်ပြန်ရန်၊ ဝန်ထမ်းများအေးချမ်းသာယာပျော်ရွှင်စွာ နေထိုင်နိုင်ရေးလိုအပ်ချက်များကို ဆောင်ရွက်ပေးရန်၊ တပ်ဆင်တည်ဆောက်ရန် ကျန်ရှိနေသော Container Houses များကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ပြောင်းရွှေ့ရန်ကျန်ရှိသော ဝန်ထမ်းများနှင့် မိသားစုဝင်များကို အမြန်ဆုံးနေရာချထားပေးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများယာယီနေထိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container Houses ၈၇၀ လုံးအနက် ၈၆၆ လုံး (၉၉ ဒသမ ၄၂) ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရန်ကုန်မြို့ရှိ အားကစားကွင်း၊ အားကစားရုံနှင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော အားကစားသမားများကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုစစ်ဆေး




ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့က ရန်ကုန်မြို့ ဒဂုံမြို့သစ်တောင်ပိုင်းရှိ ဘောလုံးကွင်းသို့ရောက်ရှိပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး U-18 ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရန် ဂိုးတိုင်၊ ဂိုးပိုက်များနှင့် အားကစားသမားအရံထိုင်ခုံများ ကောင်းမွန်စေရေး၊ ပွဲကြည့်စင်များ ကောင်းမွန်စေရေး၊ ဘောလုံးကွင်းစိမ်းလန်းစိုပြည်စေရေးနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေး တို့ကို မှာကြားပြီး တိုက်ကွမ်ဒိုအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒဂုံမြို့သစ်တောင်ပိုင်းရှိ Multipurpose Stadium သို့ ရောက်ရှိ၍ အားကစားရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၏ ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲအတွက် စခန်းဝင်လေ့ကျင့်နေသော အားကစားသမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အမှာစကားပြောကြားကာ ထိုင်လျက် ဘော်လီဘောအားကစားသမားများ လေ့ကျင့်ယှဉ်ပြိုင်နေမှုနှင့် ထမင်းစားဆောင်အတွင်း အားကစားသမားများ ကျွေးမွေးရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာအားကစားကွင်းသို့ ရောက်ရှိပြီး ဘောလုံးကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ အလံတိုင်၊ ဂိုးတိုင်နှင့် ဂိုးပိုက်များ ကောင်းမွန်စွာ တပ်ဆင်ထားရှိရန်၊ ဘောလုံးကွင်းမြက်ခင်းပြင် စိမ်းလန်းစိုပြည်စေရန်၊ ကွင်းပတ်လည်နံရံများ၊ ခြံစည်းရိုးများ၊ ပွဲကြည့်စင်ထိုင်ခုံများ ဆေးသုတ်ရန်၊ ရေနုတ်မြောင်းအဖုံးများ စနစ်တကျထားရှိရန်၊ သန့်ရှင်းသပ်ရပ်မှုရှိစေရန်နှင့်လုံခြုံရေးသတိရှိရန် မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူးကျင်းပသည့် MNL LEAGUE CUP 2025 ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့် Yangon United အသင်းနှင့် Shan United အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ ပြိုင်ပွဲအပြီးတွင် Yangon United အသင်းက Shan United အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဆုရရှိခဲ့သော ပြိုင်ပွဲဝင်အသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေး အောင်မြေသာစံမြို့နယ် အနိပ်တော်ရပ်ကွက် Sky Villa ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရှင်းလင်းရန် ကျန်ရှိနေသည့် “A” ဆောင်ကို စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများနှင့် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းမှုများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**နေပြည်တော် ဇူလိုင် ၆**

ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ ဇူလိုင် ၆ ရက်မှာ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုသည့် ဂုဏ်ယူဖွယ်နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိသည့်အနက် ၄၃ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသ၌ နေထိုင်ကြသည့်သူများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းအနက် ၆၉ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်ကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ကျေးလက်ဒေသများသည် ယခုအခါ သိသာစွာဖွံ့ဖြိုးတိုးတက်လာသော်လည်း ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များစွာရှိနေသော ကျေးရွာအချို့လည်း ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်တန့်ရောင်စီမံကိန်းဖော်ဆောင်၍ သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစား၊ အငယ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းနှင့် ကုန်ထုတ်လမ်းတံတားများ ဖောက်လုပ်ခြင်း၊ သန့်ရှင်းသော သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြစိမ်းရောင်ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းများဖြင့် ကျေးလက်စီးပွားမြင့်မားရေး ဆောင်ရွက်ခြင်း၊ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် ရပ်ရွာအခြေပြုဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "တို့ကမ္ဘာမြေ တိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Centre on Integrated Rural Development for Asia and the Pacific –CIRDAP ) ညွှန်ကြားရေးမှူးချုပ်က ပေးပို့သော ဝမ်းမြောက်စကား မှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုလည်းကောင်း ပြသသည်။

ယင်းနောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေးအတွက် မူဝါဒဦးစားပေးမှုနှင့် ပြည်သူပူးပေါင်းပါဝင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Water Aim မှ Advisor Mr. Shihab Uddin Ahamad က Unlocking the Potential of Regional Cooperation for Rural Transformation in Myanmar: A Pathway to Sustainable Development ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဦးစီးမှူးများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အာမခံထားရှိလာ



**ရန်ကုန် ဇူလိုင် ၆**

ငလျင်ကဲ့သို့ သဘာဝဘေးဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အာမခံထားရှိခြင်းသည် မိသားစုအနာဂတ်ဘဝလုံခြုံမှုကို အထောက်အပံ့ကောင်းများရရှိနိုင်သည့်အတွက် ရန်ကုန်မြို့ရှိ အထပ်မြင့်ကွန်ဒိုများတွင် နေထိုင်သူများ အာမခံထားရှိလာကြကြောင်း ရန်ကုန်မြို့ မြန်မာအာမခံလုပ်ငန်းမှ သိရသည်။

မြန်မာအာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်းများသည် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများတွင် အာမခံထားရှိသည့် အဆောက်အအုံ၊ ယာဉ်များနှင့် အသက်အာမခံတို့အတွက် လျော်ကြေးများ ပေးအပ်လျက်ရှိသည်။

"မီးအာမခံယူထားတယ်ဆိုရင် သဘာဝဘေးအန္တရာယ် ၁၁ မျိုးအတွက်ပါ ထည့်ပြီး အာမခံယူလို့ရပါတယ်။ ဒီ ၁၁ မျိုးထဲမှာ ငလျင်လည်းပါပါတယ်။ ဒီလိုအာမခံယူထားမယ်ဆိုရင် ဆုံးရှုံးမှုတွေ တွေ့ကြုံလာရရင် အာမခံလျော်ကြေးပြန်ပေးပါတယ်။ မန္တလေးငလျင်ကြောင့် သဘာဝဘေးအတွက် အာမခံထားရမယ်ဆိုတာ နားလည်လာကြတယ်။ အာမခံထားလာကြတယ်" ဟု မြန်မာ့အာမခံလုပ်ငန်း (ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်းက ပြောပြသည်။





"ကျွန်တော်တို့ အာမခံလုပ်ငန်းအနေနဲ့ တစ်ပတ်တစ်ကြိမ်ဖြစ်စေ၊ နှစ်ပတ်တစ်ကြိမ်ဖြစ်စေ အာမခံလုပ်ငန်းနဲ့ ပတ်သက်တာတွေကို Facebook Page နဲ့ KBZ MS ဝက်ဆိုဒ်မှာ ဘယ်လိုဝန်ဆောင်မှုပေးနေတယ်ဆိုတာကို တင်ပေးပါတယ်။ အာမခံထားရှိခြင်းဖြင့် ဆုံးရှုံးမှုတွေအပေါ် ဘယ်လိုတွေ ပြန်လည်ရရှိတယ်ဆိုတာကို ဝင်ရောက်ကြည့်ရှုလေ့လာလို့ရပါတယ်။ အာမခံဝန်ဆောင်မှုတွေကတော့ အမျိုးမျိုးရှိပါတယ်" ဟု KBZ MS မှ ဦးကျော်ဇေဟာန်က ပြောပြသည်။

မန္တလေးငလျင်ကြောင့် ရန်ကုန်မြို့ရှိ အထပ်မြင့်ကွန်ဒိုအချို့တွင် အခန်းနံရံများ အက်ရာ၊ အက်ကြောင်းဖြစ်ပေါ်သည်များ ရှိခဲ့ရာ အာမခံထားရှိသည့် ကွန်ဒိုနေထိုင်သူများ အာမခံရရှိခဲ့ကြသည့်အတွက် အထပ်မြင့်ကွန်ဒိုများတွင် နေထိုင်ကြသူများသည် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများအတွက်ပါ အာမခံထားရှိလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၆**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပက ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၇ ရက်မှ ၁၃ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှုး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်းသုံးကျမ်းအောင်(ကျမ်းပြီး) ၁၁၄၈ ပါး၊ ဦး၊ နှစ်ကျမ်းအောင် ၁၁၁၄ ပါး၊ ဦး၊ တစ်ကျမ်းအောင် ၁၂၉၆ ပါး၊ ဦး၊ ပါဠိဂုဏ်ထူးအောင်တစ်ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၃ ပါး၊ စုစုပေါင်း ၃၅၇၂ ပါး၊ ဦး အောင်မြင်ကြသည်။

စုစုပေါင်းဖြေဆိုသူ ၁၇၅၆၂ ပါး၊ ဦးအနက် အောင်မြင်သူ ၃၅၇၂ ပါး၊ ဦးဖြစ်၍ ၂၀ ဒသမ ၃၃ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ပခ-၃၀၂ | ဦးဇနကာလင်္ကာရ ၁၀/သဖရ(သ)၀၀၉၉၂ | ဓမ္မဝိနယရံသီကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၂။ | ဒုတိယ | ပခ-၂၂၆ | ဦးဉာဏဝရ ၉/ပသက(သ)၀၀၃၅၈၆ | ဓမ္မထေရိယကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၃။ | တတိယ | ကရ-၁/၁ | ဦးသုနန္ဒာလင်္ကာရ ၂/လကန(သ)၀၀၁၂၈၈ | ပဋ္ဌာနိကာယသာသနာ့ဗိမာန် ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | သီလရှင် ပထမ | ပက-၁၁၉၃ | မအညေသီ ၉/အမဇ(သီ)၀၁၆၃၆ | အတုလဝတီ(သီ)စာသင်တိုက် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ |

၁၃၈၇ ခုနှစ် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနWebsite www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာခြင်း

နေပြည်တော် ဇူလိုင် ၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှုး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ် ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၁၀၆ ပါး၊ဦးအနက် ၉၂၆ ပါး၊ဦး အောင်မြင်၍ ၁၅ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၇၅၇၆ ပါး၊ဦးအနက် ၁၄၆၅ ပါး၊ဦး အောင်မြင်၍ ၁၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၃၂၃၅ ပါး၊ဦးအနက် ၃၈၂၀ ပါး၊ဦး အောင်မြင်၍ ၂၉ရာခိုင်နှုန်း၊ အခြေပြု မူလတန်းတွင် ဖြေဆိုသူ ၁၉၄၉၇ ပါး၊ဦးအနက် ၈၁၃၇ ပါး၊ဦး အောင်မြင်၍ ၄၂ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ် ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသောပုဂ္ဂိုလ်များအနက် အတန်း အသီးသီး ၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | ဦးကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁ | ဦးကိတ္တိဇဝါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | ဦးဝိသိဋ္ဌဝံသာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ကူး-၈၀ | မဆေကတရာထေရီ | ဖားအောက်တောရ လှည်းကူးမြို့၊ရန်ကုန်တိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟာမ-၁၈၄ | ရှင်ကောဝိဒ | မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၂၀ | ဦးဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၃ | ဦးသုပညိန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | မုံ-၂၀၉ | မရူပစန္ဒာ | မေတ္တာဂုဏ်ထေသီလရှင်စာသင်တိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက-၂၈ | ရှင်နေမိန္ဒ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ကွေး-၃၉ | ဦးဓမ္မပိယ | အောင်မြေရတနာကျောင်းတိုက် မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | ရှင်အာလောက | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၅၁၆ | မနိမလဉာဏီ | သကျဓိတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၀၃ | ရှင်ဝိသိဋ္ဌ | သာသနာရောင်ခြည်ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | သင်း-၁၁၈ | ရှင်ရေဝတ | ရန်အောင်မင်းကျောင်းတိုက် ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | မဟာမ-၁၉ | ဦးဣန္ဒက | မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၆၁၁ | မဘဒ္ဒကာမီ | သကျဓိတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

၁၃၈၇ ခုနှစ် ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနား ပြုလုပ်



လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာအခမ်းအနား ပြုလုပ်စဉ်။

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်ခြင်းမင်္ဂလာနှင့် အုတ်မြစ်ချခြင်းမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်ရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ စည်သူဘွဲ့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက စစ်ကိုင်းတိုင်းဒေသကြီး ရွှေကျင်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာခုဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်ခြင်းမင်္ဂလာနှင့် အုတ်မြစ်ချခြင်းမင်္ဂလာကို ပြုလုပ်ကြသည်။ ၎င်းနောက် ရွှေမိုးငွေမိုးများရွာသွန်း၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြသည့် တရုတ်နိုင်ငံသား ၁၇ ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စာရင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၆

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများကို ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မြဝတီမြို့ရှိ နယ်ခြားစောင့်တပ်(BGF) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကွပ်ကဲရေးရုံးသို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာကြသည့် တရုတ်နိုင်ငံသား ၁၇ ဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် အချက်အလက်များ စာရင်းကောက်ယူနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထဲရေးဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကို စာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိစေရေးနှင့် လုပ်ငန်းများ စနစ်တကျဖြင့် မြန်ဆန်စွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၉၈ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)


## ပို့ကုန် နှစ်ဆ တိုးမြှင့်ကြ


## ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း၊ လှူဒါန်းခြင်းတို့ ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကို လည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှူဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “KoPhyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ညောင်လေးပင်မြို့နယ် ညောင်လေးပင်မြို့ မြို့မရပ်ကွက် အမှတ်(၄)နေ ဝေဖြိုးနိုင်(ခ) ကိုဖြိုးအား ည ၈ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၅ ခုနှစ် ဇူလိုင် ၆ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။



KNPP၊ KNDF အဖွဲ့များ၊ PDF အမည်ခံအကြမ်းဖက်သမားများနှင့် နိုင်ငံခြားသားများ နေရာယူ၍ ပစ်ခတ်ခဲ့သည့် အထပ်မြင့်တိုက်မှတ်တမ်းဓာတ်ပုံ။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဘာသာရေးနှင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများကို ခံစစ်ပြုလုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

☆ **ကျောဖုံးမှအဆက်**

တစ်ဆင့်ပြီးတစ်ဆင့် လွိုင်ကော်မြို့သိမ်းတိုက်ပွဲအား စတင်ဆောင်ရွက်ခဲ့ရာ မြို့လုံခြုံရေးတပ်များ၊ နယ်မြေခံတပ်မတော်စစ်ကြောင်းများဖြင့် အပြင်းအထန်ပြန်လည်ခုခံတိုက်ခိုက်ခဲ့သလို စစ်ကူစစ်ကြောင်းများကလည်း အချိန်မီရောက်ရှိတိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွိုင်ကော်မြို့ အကြမ်းဖက်သောင်းကျန်းသူများ လက်အောက်မကျရောက်စေရေး တပ်မတော်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်၍ တိုက်ပွဲဝင်စဉ်အုပ်ချုပ်မှုဆိုင်ရာများဖြည့်ဆည်းပေးရသည့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းကြောင်းနှင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်လမ်းကြောင်းကိုလည်း အကြမ်းဖက်သောင်းကျန်းသူများက ပိတ်ဆို့ဖြတ်တောက်ခဲ့သည်။

အဆိုပါအခြေအနေတွင် ပထမဦးစွာ တပ်မတော်စစ်ကြောင်းများက ဆီဆိုင်မြို့၌ပိတ်ဆို့ထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ ရှင်းလင်းခဲ့ရာ မေ ၁၅ ရက်တွင် ဆီဆိုင်မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ၎င်းမှတစ်ဆင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော်လမ်းကြောင်းအား ၂၀၂၄ ခုနှစ် မေ ၂ ရက်မှစ၍ ရှင်းလင်းခဲ့ရာ မေ ၂၉ ရက်တွင် လမ်းကြောင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့သလို လွိုင်ကော်မြို့သိမ်းရန် အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ်အိပ်မက်ကိုလည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ရိုက်ချိုးခြင်းဖြင့် လွိုင်ကော်မြို့တစ်မြို့လုံးကို ထိန်းချုပ်နိုင်ခဲ့သည်။ ဆက်လက်၍ ကျန်ရှိနေသည့် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုဖြစ်သော ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်လမ်းကြောင်း ဖွင့်လှစ်နိုင်ရေး လွိုင်ကော်မြို့မှဆုတ်ခွာခဲ့သည့် အဓိကအကြမ်းဖက်အဖွဲ့များပါ ပူးပေါင်း၍ ထိန်းချုပ်ထားသည့် မိုးဗြဲမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ခဲ့သည်။





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများကို မောင်းထုတ်၍ လူနေအိမ်များ၌ ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအိမ်နံရံများကိုဖောက်၍ ဗုံးခိုကျင်းပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



လူနေအိမ်အတွင်း ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။





KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက စာသင်ကျောင်းဝင်းအတွင်း ခံစစ်ပြုလုပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

မိုးဗြဲမြို့၏ နောက်ဆုံးအခြေအနေအား နည်းလမ်းမျိုးစုံဖြင့် သတင်းဖော်ထုတ်ခဲ့ရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် Free Burma Ranger အဖွဲ့ဝင်အချို့ကိုယ်တိုင်ပါဝင်ပြီး လူသားချင်းစာနာထောက်ထားမှုခေါင်းစဉ်ဖြင့် ဆေးကုသရေးအဖွဲ့များပါ ပူးပေါင်း၍ မိုးဗြဲမြို့နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးရွာသူ၊ ကျေးရွာသားများအသွင်ဖြင့် စိမ့်ဝင်ပုံဖျက်ဝင်ရောက်ပြီးနောက် ဒေသအချို့ရှိ အင်အားနည်းတပ်မတော်တပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံတိုင်းရင်းသားများပိုင်ဆိုင်သည့်ပစ္စည်းများကို အတင်းအဓမ္မလုယက်ယူဆောင်ခြင်းစသည့် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အချက်အချာလမ်းဆုံတစ်ခုဖြစ်သည့် မိုးဗြဲမြို့တစ်မြို့လုံးကို ထိန်းချုပ်ခြင်းဖြင့် ဆက်သွယ်ရေးလမ်းကြောင်းဖြတ်တောက်ကာ ဒေသခံတိုင်းရင်းသားများအား အဓမ္မနှင်ထုတ်ခြင်း၊ အခိုင်အမာခံစစ်ပြုလုပ်တပ်စွဲခြင်းနှင့်နိုင်ငံတော်အစိုးရအုပ်ချုပ်မှုယန္တရား တစ်စိတ်တစ်ပိုင်းပျက်ပြားစေခြင်းတို့ဆောင်ရွက်ခဲ့မှုကြောင့် ရိုးသားစွာအသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်းသားများ၊ မီခိုကျောင်းသား၊ ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့ရွာများနှင့် ယာယီတိုက်ပွဲရှောင်နေရာများသို့ သွားရောက်နေထိုင်ခဲ့ကြောင်း သတင်းဖော်ထုတ်ရခဲ့သည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် မိုးဗြဲဒေသတစ်ဝိုက်ကို တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ကို ယခုနှစ် နှစ်ဦးပိုင်းမှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ မိုးဗြဲမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် အဓိကအုပ်ချုပ်ထောက်ပံ့မှုပြုသည့် ဖယ်ခုံ၊ မိုးဗြဲအနောက်ဘက်ခြမ်းနှင့် မိုးဗြဲမြို့၏ အရှေ့ဘက်ခြမ်းတို့အား ထိန်းချုပ်လျက်အဓိကစစ်ကြောင်းများက မြို့၏မြောက်ဘက်ခြမ်း သစ်ရာကုန်းရပ်ကွက်နှင့်စည်ကား(၂)ရပ်ကွက်တို့မှစ၍ လက်နက်ကြီးပစ်ကူနှင့် လေကြောင်းပစ်ကူအချို့ရယူ၍ စနစ်တကျအဆင့်ဆင့်ခြေကုပ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် ကျန်ရပ်ကွက် ၁၄ ခုကျော်အား ရပ်ကွက်တစ်ခုချင်းအလိုက် အကြမ်းဖက်သမားများ အခိုင်အမာခံစစ်ပြုလုပ်ထားသည့် မြေပေါ်မြေအောက်ဘန်ကာများ၊ အုတ်တံတိုင်းဖောက်၍ ပစ်ပေါက်နေရာများ၊ အထပ်မြင့်အဆောက်အအုံများအပါအဝင် စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဆေးရုံနေရာများတို့ကို ခက်ခက်ခဲခဲဖြင့် ရင်ကိုမြေကတုတ်ပြုလုပ်၍စွန့်လွှတ်စွန့်စားစွာဖြင့်အချိန်ယူရှင်းလင်းခဲ့ကြရာ စစ်ဆင်ရေးကာလခြောက်လအတွင်း ရန်သူနှင့်တိုက်ပွဲကြီးပေါင်း ၂၁၅ ကြိမ်၊ ထိတွေ့မှုပေါင်း အကြိမ် ၄၀၀ ဖြစ်ပွားခဲ့ပြီးမိုးဗြဲမြို့၏တောင်ဘက်အစွန်ဆုံးမွေတော်ဘုရားရှိရာ မြို့မရပ်ကွက်ကို ဇူလိုင် ၅ ရက်တွင်လည်းကောင်း၊ အရှေ့ဘက်အစွန်ဆုံးရပ်ကွက်ဖြစ်သည့် ညောင်ဝိုင်းရပ်ကွက်ကို ဇူလိုင် ၆ ရက်

စာမျက်နှာ ၂၃ သို့

# တရားမဝင် လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


နေပြည်တော် ဇူလိုင် ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် အမှတ်(၂)ကတ္တရာစက်ရုံအနီး၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၅၆၀၀၀ ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၄၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၂၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀ ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၂၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၉၃၂၀၀၀ ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။








ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၆ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ်၂၅၅၉၇၈၇၄၄ ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၃၁၉၀၆ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၆၃၁၂ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၁၁၆၉၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၇စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲ ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၆၆၈၉၆၂ ကိုဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။သို့ဖြစ်၍တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအိမ်ပြင်ပတွင် အိမ်နှင့်တွဲလျက် အိမ်ပျက်စီးစေရေး ခံစစ်ပြုလုပ်ထားမှု မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုးဗြဲမြို့တောင်ဘက်အစွန် မွေတော်ဓာတ်စစ်ဘုရားကြီး ပြန်လည်သိမ်းပိုက်ရရှိမှုနှင့် လက်နက်၊ ခဲယမ်းများရရှိမှု မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

ယနေ့ နေ့လယ်ပိုင်းတွင်လည်းကောင်း အကြမ်းဖက် KNPP၊ KNDF နှင့် ၎င်းတို့၏ မဟာမိတ်အကြမ်းဖက်အဖွဲ့ တပ်ပေါင်းစုများအပါအဝင် အဆိုပါ တိုက်ပွဲအတွင်း ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့သည့် Free Burma Ranger အဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားခြင်း ခေါင်းစဉ်ဖြင့် ကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆေးကုသရေးအဖွဲ့များကို မြန်မာ့တပ်မတော်က အပြီးတိုင်ချေမှုန်းသုတ်သင်လျက် မိုးဗြဲမြို့ တစ်မြို့လုံးအား ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ စစ်ဆင်ရေးတစ်ခုလုံးတွင် တိုက်ပွဲကြီးငယ် ၆၁၅ ကြိမ်၊ ရန်သူအလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၆၃ လက် အပါအဝင် အခြားအရေးကြီး စာရွက်စာတမ်းများနှင့် Video File များ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေဖြင့် မိုးဗြဲမြို့အတွင်းသို့ ရောက်ရှိနေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်းများ၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement-ROE)နှင့်အညီ ဆောင်ရွက်ခဲ့ရသည်။

ထိတွေ့မှုများ ဖြစ်ပွားစဉ်အတွင်း တပ်မတော်စစ်ကြောင်းများက နိုင်ငံတော်နှင့်တပ်မတော်အတွက် စွန့်လွှတ်စွန့်စားစွာတိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သူအချို့နှင့် ဒဏ်ရာကြီးငယ် ရခဲ့သူအချို့ရှိခဲ့ကြောင်းလည်းသိရှိရသည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက မိုးဗြဲမြို့နှင့် လွိုင်ကော်မြို့တို့ကို ဆက်သွယ်ထားသည့် လမ်းကြောင်းပေါ်ရှိရှင်းလင်းရန်ကျန်ရှိနေသည့် ၄ ဒသမ ၅ ကီလိုမီတာအကွာအဝေးကို အပြီးတိုင် ဆက်လက်ရှင်းလင်းပေးခြင်းဖြင့် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်း ဆက်သွယ်ရေးလမ်းမကြီးအား မကြာမီ အချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အလားတူ လွိုင်ကော်၊ ဆီဆိုင်လမ်းကြောင်းကို အဆိုပါအကြမ်းဖက်အဖွဲ့များက ပိတ်ဆို့ဟန့်တားနှောင့်ယှက်မှုကိုလည်း တပ်မတော်စစ်ကြောင်းများက အောင်မြင်စွာရှင်းလင်းဖယ်ရှားနိုင်ခဲ့သည့်အတွက်လည်း လွိုင်ကော်မြို့နေ ဒေသခံတိုင်းရင်းသားအားလုံးနှင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် မိမိတို့၏ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းကို လုပ်ကိုင်စားသောက်နေထိုင်ခဲ့ရသကဲ့သို့ ယခု မကြာမီရက်ပိုင်းအတွင်းမှာလည်း လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်းအဓိက ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုကို ထပ်မံ ဖွင့်လှစ်ပေးနိုင်တော့မည်ဖြစ်၍ ဒေသခံ ပြည်သူလူထုများအားလုံး ဝမ်းမြောက်ပီတိဖြစ်ပေါ်လျက် မိမိတို့နေအိမ် မိမိတို့ပြန်လည်နေထိုင်နိုင်ကြမည့်အရေး ကြိုတင်မြော်တွေး၍ ပျော်ရွှင်နေကြလျက်ရှိကြောင်းလည်း သိရှိရသည်။

မိုးဗြဲမြို့အပါအဝင် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံနှင့် ပင်လောင်းလမ်းကြောင်းကို အပြီးတိုင်ရှင်းလင်းပြီးပါက မိုးဗြဲမြို့ခံရိုးသားသော ဒေသခံပြည်သူများအားလုံး ပြန်လည်နေထိုင်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်ကင်းရှင်းရေး ဦးစားပေး ရှင်းလင်းဖော်ထုတ်ခြင်းကိုလည်း တပ်မတော် စစ်မြေပြင်အင်ဂျင်နီယာအရာရှိ၊စစ်သည်များဖြင့် ရှင်းလင်းဖယ်ရှားသွားမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

(၅၀၁)

ဝတ္ထုတိုကလျာ

# ပြေးလမ်း

## ကျွန်းစဉ်မြေစောခက်



(၁)

၁၉၇၃ ခုနှစ်ကဖြစ်ခဲ့တဲ့ အဖြစ်အပျက်လေးတစ်ခုပါပဲ။ ပွင့်လင်းရာသီတွေဆို ကျွန်တော် ပင်လယ်ပြင်ထဲ ငါးဖမ်းထွက်တယ်။ ပိုက်သိမ်းချိန် မိုးတွင်းရာသီတွေဆို လှေစီးဈေးသည်အဖြစ် တစ်ရွာဝင်တစ်ရွာထွက် ဈေးရောင်းတယ်။

ဒီနှစ်မိုးဦးမှာတော့ ရမ်းဗြဲကျွန်းကြီးရဲ့မြောက်ဖျား ရွှေကျွန်းသန္တာလို့ခေါ်ကြတဲ့ ကျောက်ဖြူမြို့ကို ကျွန်တော်ရောက်နေခဲ့တယ်။ ၁၉၆၆-၁၉၆၇ ခုနှစ်ကာလဝန်းကျင်က ကျောက်ဖြူမြို့မှာ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့ ကိုဘမောင်ဆိုတာရှိတယ်။ သူလဲ ကျွန်တော့်လို တောသားပါပဲ။ ကျောက်ဖြူမြို့နယ် ဆင်ပုတ်နယ်ဘက်ကဆိုတာ ကျွန်တော်ယေဘုယျ သိခဲ့တယ်။ သူက ကျွန်တော့်လို ကျောင်းလာတက်တာတော့မဟုတ်ဘူး။ သူ ကျောက်ဖြူမြို့ ဈေးအတွင်းမှာ ဆေးဆိုင်ဖွင့်ပြီးရောင်းတယ်။ သူနဲ့ ကျွန်တော် ဘယ်လိုကဘယ်လို သိကျွမ်းခဲ့ကြတယ်ဆိုတာ မမှတ်မိတော့ဘူး။ ဒါပေမဲ့ ကျွန်တော်ကတော့ လူတစ်ယောက်ကို ခင်မင်ပြီဆို ရာသက်ပန်တံဆိပ်တုံးထုပြီးဖြစ်နေတော့တာလေ။

ကျွန်တော် သူ့ဆိုင်ရှေ့ရောက်တော့ ကျွန်တော့်ကို မြင်တာနဲ့ သူခပ်သွက်သွက်ပြေးဆင်းလာပြီး ကျွန်တော့်ကိုလှမ်းဖက်တယ်။ ဒီကောင် မအူမလည်နဲ့ ဘယ်ကရောက်လာသလဲပေါ့။

"လာ လာ ဘညွန့်ရေ တို့အပြင်သွားကြရအောင်"

ကိုဘမောင် ဆိုင်လုပ်သားကောင်ကလေးကို ဆိုင်မှာထားခဲ့ပြီး ကျွန်တော်နဲ့အတူ ဈေးတန်းအပြင်ဘက် လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်ကြတယ်။

"ဘညွန့်ရေ မင်းတွေ့ရတာ ငါပျော်သွားသလိုပဲ သိလား။ သတင်းမကြား ဘာမကြားနဲ့၊ အခု ဘာတွေလုပ်နေလဲ"

"ဒီလိုပဲ ကိုဘမောင်ရေ စားမေးပွဲကလဲကျတော့ ပင်လယ်ပြင်ကမ်းနံဘေးက အဖေ့ရွာမှာပဲ ပင်လယ်ပြင်ထဲ ပိုက်ချ ငါးရှာဆိုပါတော့ဗျာ"

"အေးပေါ့ကွာ။ ဒီလိုပဲ ဖြစ်သလိုလုပ်ကြရတာပဲ"

ကျွန်တော့်မှာ ကိုဘမောင်နဲ့ စကားပြောနေရင်း ရင်ထိတ်သလိုဖြစ်နေမိတယ်။

"ကိုဘမောင်ကို ကျွန်တော်တစ်ခု ပြောကြည့်ချင်တယ်ဗျာ"

"ပြောကြည့်လေ"

"ဒီလိုပါ ကိုဘမောင်၊ အခု မိုးရာသီပိုက်သိမ်းချိန်မှာ ကျွန်းစဉ်ကမ်းရွာတွေဘက် ဆေးနဲ့ဆေးပစ္စည်း လည်ရောင်းချင်တယ်ဗျာ။ အဲဒါ ကိုဘမောင် ကျွန်တော့်ကို ခေါက်ပြန်ဆပ်ပေးနိုင်မလားလို့ပါ"

"ရတယ်ရတယ် ယူလေ။ လည်ပတ်သွားတဲ့အခါမှ တစ်ခေါက် ပြန်လာပေါ့"

"ဟာ ကိုဘမောင်ရေ ကျွန်တော်ပျော်သွားပြီဗျာ"

ကျွန်တော် ကိုဘမောင်လက်ကို လှမ်းဆွဲပြီး လှုပ်ခါပစ်လိုက်တယ်။ ပြီးမှ ကျွန်တော်တို့နှစ်ယောက် လက်ဖက်ရည်ခွက်ကိုကောက်သောက်လိုက်ကြတယ်။

ကျွန်တော်တို့ ကျွန်းစဉ်နယ်ဟာ ဒီရေရောက် မြစ်ချောင်းတွေကြား တောင်ခြေသောင်စပ်တွေမှာ ရပ်စုရွာစုတည်ထောင်ပြီး နေထိုင်ကြတယ်။ မြို့ပြတွေနဲ့ အလှမ်းဝေးပြီး ခေါင်သီလွန်းလှတယ်။ မကျန်းရေးမမာရေးကိစ္စ မြို့ကိုတစ်ခေါက်သွားဖို့မလွယ်။ ကိုယ့်ရပ်ကိုယ့်ရွာက ဆရာတွေနဲ့ပဲ ဆေးသမားကံ လူနာကံ ကုသကြရရှာတာကလား။ ကျွန်တော်ပေးဆပ်နေတဲ့ လုပ်ငန်းဟာလဲ ဒေသပတ်ဝန်းကျင် အမှန်တကယ် လိုအပ်နေတာမို့ အများကောင်းကျိုးလို့ ကျွန်တော် နှလုံးပိုက်နေတော့တယ်လေ။

(၂)

ကျောက်ဖြူမြို့ မြစ်နားဝန်းဆိပ်ကမ်းမှ မော်တော်ကလေးထွက်ခွာကာ သံစစ်မြစ်ကို ဖြတ်ကူးလိုက်တယ်။ သံစစ်မြစ်မှာ ရေနက်ဆိပ်ကမ်းရှိပြီး ပင်လယ်ကူးသင်္ဘောကြီး ဝင်ထွက်သွားလာကြတယ်။ တစ်နာရီတိတိအကြာမှာ တံခါးရှိးတောင်တန်းနဲ့ မရဇိုင်းကျွန်းကြား ကြက်တောပြင် ရေလက်ကြားကို ရောက်လာခဲ့ကြတယ်။

"ပုံနှင်းကြီးရေ ရှေ့က လှမ်းမြင်နေရတဲ့ ဆတ်ချိန်တောင်တန်းကို လက်ဝဲထားပြီး မောင်းရမှာနော်။ အဲဒီကနေ ဟိုးဝေးဝေးက မြစ်ပြင်ကျယ်ထဲမှာ ဟသ်ာင့်က်ရပ်လို ကျောက်ပုံကြီးကို တွေ့တယ်မဟုတ်လား။ အဲဒီဟသ်ာကျောက်ပုံကိုလက်ဝဲထားပြီး ဆက်မောင်းမယ်ဗျာ"

ဝါးပိုးဖောင်းတပ် စက်လှေကလေးမှာ လှိုင်းခေါင်းဖြူကလေးများကို ဖိနင်းကာ ပြေးမြဲပြေးနေတယ်။ မြစ်ရေပြင်အနားသပ် ခပ်လှမ်းလှမ်းက စိမ်းပြာညိုမှိုင်း အရိပ်ဆန်းဆန်းတဲ့တောင်တန်းတွေပေါ်မှာ ထုံးဖြူစေတီတချို့ကို လှမ်းမြင်လိုက်ရတဲ့အခါ ဘာရယ်မဟုတ် ရင်ထဲမှာ ဝေဒနာတစ်ခုကို ဖြတ်တည်သွားရှာတယ်။ ဟသ်ာမြစ်ပြင်ကျယ်ထဲ တစ်နာရီလောက် မောင်းမိချိန်မှာတော့ မရဇိုင်းကျွန်းနဲ့ ပိုမိုနီးကပ်သွားသလိုရှိလာတယ်။

"ပုံနှင်းရေ ရှေ့ကလှမ်းမြင်နေရတဲ့တောင်တန်းနှစ်ခုကြားကနေ ဝင်မှာနော်"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ပုံနှင်းက ကျွန်တော်တို့ခရီးသည်တွေ လမ်းညွှန်ပြတဲ့အတိုင်း ဦးတည်မောင်းနှင်နေတယ်။

ကျွန်တော်တို့တွေ ကျောက်ဖြူမြို့ကိုရောက်သွားချိန်မှာမိုးဦးရာသီဖြစ်တာကြောင့် လေမိုးပြင်းတဲ့ရာသီဖြစ်လို့ ကျွန်းစဉ်ဘက်သွားနေကြတဲ့ စက်လှေတွေလဲ မသွားရဲကြတော့။ ကျောက်ဖြူမြို့မှာ သောင်တင်နေကြတဲ့ ကျွန်တော်တို့လေးယောက် စက်လှေကလေးတစ်စီးကို အငှားခေါ်လာခဲ့ကြတာကလား။ စက်လှေမှာ သေးလွန်းလို့ လှိုင်းမိရင် အလွယ်တကူ တိမ်းစောင်းမသွားစေလိုတာကြောင့် လှေရဲ့ဝဲယာနှစ်ဖက်စလုံးမှာ ဝါးပိုးလုံးကြီးနှစ်လုံးကို လှေအစအဆုံး ခိုင်မြဲအောင် ချည်နှောင်ထားတာလေ။ ဝါးပိုးလုံးကြီးတွေ ဝဲယာထိန်းထားတာကြောင့် တိမ်းစောင်းဖို့မလွယ်တော့ဘဲ လှိုင်းလုံးတွေကြားမှာပေါ့ပေါ့ပါးပါး ကခုန်စေတာလေ။ စက်လှေရှင်မှာ လမ်းမကျွမ်းတာကြောင့် ကျွန်တော်တို့ခရီးသည်တွေ လမ်းညွှန်မှုအတိုင်း မောင်းနှင်ရရှာတယ်။

ကျွန်တော်တို့ မြစ်ပြင်ကျယ်ကြီးရဲ့ ကမ်းခြေပိုင်းတောင်တန်းနှစ်ခုကို တိုးဝင်လာခဲ့တယ်။ လက်ယာဘက်က မရဇိုင်းကျွန်း ပြင်ရှည်တောင်တန်း၊ လက်ဝဲဘက်က အစိုင်းကြီးတောင်တန်း၊ နာရီဝက်လောက် မောင်းမိချိန်မှာ ဖြူးရှိတောတွေပေါက်ရောက်ရှင်သန်နေကြတဲ့ ဖြူးကျွန်းနှစ်ကျွန်းကို ပေ ၂၀၀ လောက်အကွာမှာ ဘယ်ညာတွဲလျက် ပေါက်ရောက်နေတာ တွေ့လိုက်ရတယ်။ မြစ်ရေပြင်ထဲ ဖြူးကျွန်းနှစ်ကျွန်းကို မြန်းခနဲ တွေ့မြင်လိုက်ရတာကြောင့် ကျွန်တော်နဲ့ ခရီးသည် အဒေါ်ကြီး အထူးအဆန်းသဖွယ် စိုက်ကြည့်လိုက်ကြတယ်။ ကျောက်ပုံကျောက်စုတွေက မြစ်ပြင်အနှံ့ ပြန့်ကျဲနေတယ်။ ကျွဲအုပ်တွေ မြစ်ရေပြင်ထဲ ဆင်းကူးနေကြတာလိုတောင် ထင်မှားလောက်ရဲ့။

"ပုံနှင်းရေ ဟိုမှာ ရှေ့ကလှမ်းမြင်နေရတဲ့ ဖြူးကျွန်းနှစ်ကျွန်းကြားကနေ ဝင်မှာနော်။ ရှေ့အလွန်မှာ သန့်သာကျွန်းဆိုတာရှိတယ်။ အဲဒီကျွန်းကို ဦးတည်ပြီးမောင်းပါ"

ဦးသာခိုင်က ရေလမ်းကြောင်းအနေအထားနဲ့ ရှေ့ဆက်ရမဲ့ခရီးကို ညွှန်ပြလိုက်တယ်။ ဖြူးကျွန်းနှစ်ခုကြားအရောက်မှာ မြစ်ကြောင်းနည်းနည်းကျဉ်းသွားသလိုရှိလာလို့ စက်လှေကလေးမှာ ပိုပြီးပြေးအားသန်သလိုဖြစ်နေတယ်။

"ဟဲ့ ရှေ့မှာ ကျောက်ဆောင် ကျောက်ဆောင်"

ဦးတင်အေး အလန့်တကြားအော်လိုက်သံကြောင့် ပုံနှင်းစိုးရိမ်သွားပုံရတယ်။ အချက်ပေးဘဲကို တီးလိုက်တယ်။

"ကလင်"

ပြေးအားကောင်းနေချိန် ဖြုန်းခနဲစက်ရှိန်လျှော့မသွားခဲ့။

"ဘယ်ကိုလှည့်ပေးရမှာလဲဗျ"

"ညာဘက် ညာဘက် ညာဘက်"

ဦးခင်အေးက ညာဘက်ကိုလှည့်ပေးဖို့ လက်ညွှန်ပြတယ်။

"ဘယ်ဘက် ဘယ်ဘက် ဘယ်ဘက်"

လှေဦးဘယ်ဘက်ခြမ်းက ထိုင်လိုက်လာတဲ့ ဦးသာခိုင်ကတော့ ဘယ်ဘက်ကိုလှည့်ပေးဖို့ အော်ဟစ်ပြောဆိုတယ်။ ပုံနှင်း ဘယ်လိုဆုံးဖြတ်ရမလဲ။ လှေဦးပိုင်းထိုင် လမ်းညွှန်ပြတဲ့ လူနှစ်ယောက်ဟာ ညာတစ်ယောက်၊ ဘယ်တစ်ယောက် ပြောနေကြပြီး ညာလိုလို ဘယ်လိုလို ဒုက္ခကေန်ဖြစ်ရှာမယ်။

"တိုက်တော့မှာ တိုက်တော့မှာ ညာဘက် ညာဘက်"

"ဘယ်ဘက် ဘယ်ဘက်"

"ဒိုင်း ဘွမ်း ဝေါ ဝေါ ဝေါ"

စက်လှေကလေးကား ကျောက်ပုံကို တိုက်မိသွားခဲ့လေပြီ။ လှေကွဲသွားပုံရတယ်။ မြစ်ရေတွေ ဒလဟော တဝေါဝေါဝင်လာရာ စက်လှေဝမ်းဗိုက်ထဲ ရေတွေပြည့်လာပြီ။ သေသေသည်းကာ ကမ္ဘာပျက်ခမန်းလိလိ။ ကျွန်တော် ထိုင်းနိုင်ငံထုတ် ကျောပိုးအိတ်ကလေးကို လက်နှစ်ဖက်နဲ့လျှိုသွင်းပြီး ကျောပိုးထားလိုက်တယ်။ ဒီအိတ်ထဲမှာ ကိုဘမောင်ဆီက အကြွေးပေးလိုက်တဲ့ နိုင်ငံခြားဆေးမျိုးစုံ တစ်အိတ်အပြည့်။ ဒီပစ္စည်းတွေ ဆုံးရှုံးခံလို့မဖြစ်မှန်း ကျွန်တော်သိနေတယ်။ ကျွန်တော် အသက်ရှုထုတ်နေနိုင်သေးသမျှ စောင့်ရှောက်ရမယ်လို့ ကျွန်တော့်ရင်ဘတ်နဲ့သိနေတယ်။

"အမယ်လေး ဒုက္ခတော့ဖြစ်ကုန်ပြီ။ သားရေ ဒေါ်ကြီးကိုကယ်ပါအုံး"

ခရီးဖော်ဒေါ်အောင်ဖြူ ကျွန်တော့်ကိုဖက်ထားတယ်။

"ဒေါ်ကြီးရေ မကြောက်နဲ့၊ မကြောက်နဲ့ ကျွန်တော်ရှိတယ်"

ကျွန်တော်လူသားချင်း စာနာစိတ်နဲ့ ပြောလိုက်ပေမဲ့ ကိုယ်ကိုယ်တိုင် သေမလား ရှင်မလားမသိ။ စက်လှေမှာ ကျောက်ပုံမှ လျှောဆင်းပြီး မြစ်ရေပြင်အောက် ငုပ်ဆင်းသွားချေပြီ။ ဒေါ်အောင်ဖြူ ကျွန်တော့်ကို အတင်းအကျပ်ဖက်တွယ်လာတယ်။

"ဒေါ်ကြီး အဲဒီလိုမလုပ်နဲ့လေ ကျွန်တော်ထိန်းကိုင်ထားပါတယ်။ ကိုယ်ကို ဖော့ပြီးလိုက်ပါ။ ကမ်းနီးနီးလေးပဲ ကျွန်တော်ရောက်အောင်ကူးနိုင်ပါတယ်"

ဟော ဝါးလှိုင်းစည်းကလေး တစ်စည်း ကျွန်တော့်အနီးကို ရောက်လာတယ်။ ဘုရားပေးတဲ့လက်ပံပဲ။ ကျွန်တော်လှမ်းဆွဲထားလိုက်တယ်။ ဒေါ်အောင်ဖြူကို ပါ ဝါးစည်းကလေးကို တွယ်ဖက်ထားဖို့ပြောလိုက်တယ်။ သူ့လက်အစုံ ဝါးစည်းဆီရောက်သွားတဲ့အခါ ကျွန်တော်သက်သာရာရသလို ဖြစ်သွားတယ်။ ကျွန်တော် အသက်ကို ဝဝရှုထုတ်လိုက်တယ်။ ကျွန်တော် ဝါးစည်းကလေးကို ဖက်တွယ်ပြီး ခြေထောက်အစုံကို ကန်ကျောက်မြကန်ကျောက်တယ်။ ဖြူးကျွန်းကလေးဆီရောက်ဖို့လိုတယ်လေ။

စာမျက်နှာ ၂၅ သို့ ➤

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၂၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၂၂၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၂၁၆၀ စိုက်ပျိုးရန် လျာထားပြီး ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၂၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်း ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြောင်းသီးနှံတွေအောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှား ရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်းနှင့် ဖောင မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။ (၂၀၆)

# တို့တိုင်းနယ်ရှာ သာစေအောင်

– ပန်းရာထောင် အဆင်းရနံ့တို့
သင်းပျံ့တဲ့ ဒေသတွင်၊
တို့တစ်တွေ အခြေတကျ
နေရပါချင်၊
ကိုယ့်ဒေသ ကိုယ့်ဝန်းကျင်
ပန်းပင်တွေ ပျိုးဖို့တော့၊
ပန်းလယ်မှာ မမွေ့အပ်သလို
မေ့တတ်ပါပေ့ါ။

– အန္တရာယ် ဘေးမလွှမ်း
အေးချမ်းတဲ့ ဒေသတွင်၊
တို့တစ်တွေ မော်အလှနဲ့
ပျော်ရပါချင်၊
ကိုယ့်နယ်မြို့ ကျေးတစ်ခွင်
အေးအစဉ် သာဖို့တော့၊
ကြိုးစားဟန် မတွေ့ရ
ဩော်…မေ့ကြရှာပေ့ါ။

– ပန်းသင်းမြေ ဂနိုင်လှကိုဖြင့်
ပိုင်ရဖို့ဆိုပါလျှင်၊
ပန်းရောင်စုံ မျိုးအလှတို့
ပျိုးကြဖို့ပင်၊
အေးချမ်းတဲ့ မြေတစ်ခွင်
နေချင်သော် ဘယ်မခက်၊
ကိုယ့်နယ်မြေ ဘေးမခဘဲ
အေးမြကာ အခြေဖြိုးဖို့၊
အိုကွယ်…
ပြည်ကျိုးကိုရှက်။ ။

**လွမ်းလေးကို(သရက်)**

➢ စာမျက်နှာ ၂၄ မှအဆက်

ဟိုးအရင် သုံးနှစ်လောက်က လှေတစ်ခါနစ်ခဲ့ပြီ။ ညီလေးကို ပခုံးပေါ်တင်ပြီး ပင်လယ်ပြင်ထဲ တစ်နေကုန် ဒုက္ခခံခဲ့ရတယ်။ အခုတစ်ခါ ဒေါ်ကြီးဒေါ်အောင်ဖြူကိုကယ်ပြီး မြစ်ပြင်ကျယ်ထဲ ကူးနေရပြန်ပြီ။ ဩော်… ပေးဆပ်ခြင်းတွေရယ်လေ။

"ဟေး ဒေါ်ကြီးရေ ခြေထောက်နင်းချလိုက်တော့ ခြေထောက်မီပြီ။ အောက်မှာကျောက်ပုံကြီး နင်းမိပြီဗျ"

ဒေါ်ကြီး ခြေထောက်တွေ ရေပြင်ထဲက ကျောက်ပုံပေါ်ရပ်မိနေပေပြီ ထင်ပါတယ်။ ဒေါ်ကြီး အငိုမျက်ဝန်းနဲ့ ကျွန်တော့်ကို ပြုံးပြနေတယ်။ သေကံမရောက် သက်မပျောက်ခဲ့ဘူးပေ့ါ။ ကျွန်တော် ကိုယ့်လှေသားတွေကို လိုက်ကြည့်လိုက်တယ်။ သူတို့တွေလဲ ရေပြင်ထဲမက်တတ်ရပ်လျက်ပဲ။ ကျွန်တော်နဲ့ ဒေါ်ကြီး ဒေါ်အောင်ဖြူကို လှမ်းကြည့်နေကြတယ်။ ရေအောက် ကျောက်ပုံကို ခြေနင်းမိလို့ အသက်ရှင်နေကြသေးတာမှာ သူတို့တွေလဲပါကြတာပေ့ါ။

ကာလဖြစ်စဉ်ကို အလျဉ်းသင့်လို့ ပြောမိကြတဲ့အခါ ဝါးစည်းကလေးဟာ လှေခေါင်းမိုးပေါ်မှာ လိုရမည်ရတင်ထားတာတဲ့။ စက်လှေကလေး ရေနစ်ချိန်မှာ ဒေါ်ကြီးနဲ့ ကျွန်တော် မရှုနိုင်မကယ်နိုင်ဖြစ်နေချိန် ပဲ့နင်းကြီးဟာ ဝါးစည်းကလေးကို ရေသင့်နဲ့ ကျွန်တော်တို့ဆီတွန်းပို့လိုက်တာတဲ့။ သူတို့တွေက လူလွတ်တွေဆိုတော့ ကူးရင်းနဲ့ကျောက်ပုံကို နင်းမိသွားကြတာလေ။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

ရေအောက် ကျောက်ပုံပေါ်မှာ မတ်တတ်ရပ်နေကြတဲ့ လှေသားတွေကို ကျွန်တော်လှမ်းမေးလိုက်တယ်။

"ဘယ်လိုဖြစ်ရမလဲကွာ။ ရေထဲမှာ မပေါ်တပေါ်ဖြစ်နေတဲ့ ကျောက်ပုံကိုလှေဦးနဲ့နီးမှ ဖြုန်းစားကြီးမြင်လိုက်တာလေ။ အဲဒါ ဦးကလဲ ညာဘက်လှည့်ရင် လွတ်တယ်ဆိုပြီး ညာဘက် ညာဘက်လို့အော်တယ် ဦးသာခိုင်ကလဲ ဘယ်ဘက်လှည့်ရင် လွတ်တယ်ဆိုပြီး ဘယ်ဘက် ဘယ်ဘက်လို့အော်တယ်။ ပဲ့နင်းကလဲ ညာလိုလို ဘယ်လိုလိုဖြစ်နေတာကို ဆုံးဖြတ်ရခက်ပြီး ဟိုလိုလို ဒီလိုလိုနဲ့ တိုက်တော့တာပါပဲ။ တွက်နည်းမမှန်လို့ အဖြေမှားတဲ့ပုစ္ဆာဆိုတာမှားမတဲ့လား။

"ဗျို့ လှေသမားတွေရယ် တို့ကိုကယ်ကြပါအုံး။ တို့ရေနစ်သွားလို့ပါ"

ခပ်လှမ်းလှမ်းမှာ ငါးမျှားလှေတစ်စီးကို တွေ့တာနဲ့ ဦးသာခိုင် လှမ်းခေါ်တိုက်တယ်။ ငါးမျှားတန်းချသားနှစ်ယောက် လှေကလေးကိုလှော်ပြီး ကျွန်တော်တို့အနားကို ရောက်လာကြတယ်။

"ကျွန်တော်တို့လဲ မြင်မြင်ချင်းလှော်လာကြတာပဲဗျာ။ ညာဖြစ်ဖြစ်၊ ဘယ်ဖြစ်ဖြစ် တစ်ဖက်ကိုလှည့်မောင်းရင် လွတ်တယ်ဗျာ"

"မပြောချင်တော့ပါဘူးကွာ။ သားတို့က ဘယ်ရွာကလဲ"

"ဟိုဘက်ကျွန်း အစိုင်းကြီးရွာကပဲ"

အစိုင်းကြီးရွာမှာ ကျောက်ဖြူမြို့နယ် မြောက်ဘက်အစွန်ဆုံးရွာဖြစ်ပါတယ်။ ပင်လယ်ရေပြင်ထဲ အစိုင်းကြီးတောင်တန်းခြေရင်းမှာရှိတယ်။

"ဦးတို့ကတော့ မြေပုံမြို့နယ် ကျွန်းစဉ်နယ်ကပဲ။ ကျောက်ဖြူမြို့ကနေ စက်လှေငှားလာကြတာပဲ။ စက်လှေလဲ မြုပ်သွားပြီကွာ"

"မပူပါနဲ့ဦး။ ဒီနေရာက ကျောက်ဆောင်တွေရှိတဲ့နေရာမို့လို့ ရေတိမ်ပါတယ်။ ကျွန်းနဲ့လဲနီးတယ်။ ရေစစ်ချိန် ကျွန်တော်တို့ရွာသားတွေနဲ့ ဝိုင်းဖော်ရင် ရနိုင်ပါတယ်"

"အေးကွာ တို့ကတော့ ဒုက္ခသည်တွေဖြစ်နေကြပါပြီ။ သားတို့ရွာသားတွေ ကူညီမှအဆင်ပြေမှာပါ"

မျှားတန်းချ လှေကလေးကတော့ ပင်လယ်ပြင်ထဲ ထိုးထွက်နေတဲ့ အစိုင်းကြီးကျွန်းကို ဦးတည်ပြေးနေတယ်။

(၃)

မိုးဦးတမံတော် တောင်လေမုတ်သုံ သံစုံဟစ်ကြွေး ဆော်သွေးနေတယ်။ လေအပင့်မှာ ရွက်လွှင့်လှေကလေးဟာ လှိုင်းလုံးကြီးတွေကို မထေမဲ့မြင်စွာ ကျော်လွှားကာ ပြေးနေတယ်။ တစ်ချီတစ်ချီ လှိုင်းသရမ်း ယမ်းကားလိုက်တာနဲ့ လင်းဆွဲတောင်ရွက်အပေါ်စွန်တောင် မြစ်ရေပြင်နဲ့ထိလုနီးပါး ဖြစ်သွားတတ်တယ်။ အဒေါ်ကြီး ဒေါ်အောင်ဖြူကတော့ ဘုရားတခြင်း ခေါက်ရေပေါင်း မရေတွက်နိုင်အောင် ရွတ်ဆိုရင်း လှေနံစပ်ကို မြဲမြဲကိုင်လျက် လိုက်ပါလာတယ်။

ကျွန်တော်တို့ လှေနစ်လို့ အစိုင်းကြီးရွာရောက်တဲ့အခါ ရွာလူကြီးအိမ်မှာပဲ ဒုက္ခသည်အဖြစ် ခိုနားခဲ့ရတယ်။ နှစ်ညအိပ်အပြီးမှာ ဒုက္ခသည်စခန်းမှ ခွာနိုင်ရေးအတွက် သူတို့ရွာသား နှစ်ယောက်ကို အကူအညီတောင်းပြီး ကျွန်းစဉ်ဘက်ကို လှေနဲ့ပို့ခိုင်းခဲ့ကြတာပါ။ နောင်တော်ကြီးမြစ်ပြင်ကျယ်ကို လွန်မြောက်တာနဲ့ ကျီးကန်းမော် တောင်စွယ်ဖျားကနေ လှည့်ဆင်းလိုက်တယ်။ ဟော ကျွန်းစဉ်နယ် ကျွန်တော့်အဖေရဲ့မွေးရာ ငပသုန်ရွာကို လှမ်းမြင်ကြရပေ့ါ။

ကျွန်တော်ရွာရောက်လို့ ခရီးတစ်ခေါက် ဇာတ်လမ်းစုံကို အဖေ့ကို ခင်းကျင်းပြလိုက်တဲ့အခါ သားချစ်အဖေ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်ပြီး ပင်လယ်ပြင်ကြီးကို ရီဝေစွာကြည့်နေတယ်။

"ဩော်… ဒါနဲ့ သားကြီးရေ အဲဒီစက်လှေကလေး ဆုံးသွားတာလားကွယ်"

"မဆုံးပါဘူး အဖေကြီးရယ်။ အစိုင်းကြီးရွာသားတွေ စိတ်ဓာတ်သိပ်မြင့်မားကြတယ်။ တစ်အိမ်တစ်ယောက်စီပါဝင်ပြီး ကမ်းကနေ လှေကလေးကို ပြန်ဆယ်ကြတာ။ ကျွန်တော်တို့တွေပါ ဝိုင်းဝန်းကူညီကြတာပေ့ါ အဖေကြီးရယ်။ ရွာသားတွေပဲ လှေကွဲသွားတဲ့နေရာတွေကို ဖာထေးပြီး ပြုပြင်ပေးလိုက်ကြတာလေ။ အခုဆို ကျောက်ဖြူမြို့တောင်ရောက်သွားရှာမယ်။ မနက်ဖြန်တော့ အဖေရယ်။ သားခရီးဆက်သွားရမယ်။ ဆေးတွေ ရွာစဉ်လှည့်ရောင်းရမယ်လေအဖေ"

မေတ္တာအပြည့်နှလုံးသားအဖေ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပြုံးယောင်ပြုနေတယ်။

# သဲကုန်းမြို့နယ် ရွာသာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့်ဝန်ထမ်းများက ရွာသာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရွာသာလှကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# မြန်မာနိုင်ငံ၏သက်တမ်းအရှည်ဆုံး ပညာတန်ဆောင်မဂ္ဂဇင်း

အောင်ကြည်ညွန့်(တက္ကသိုလ်)

"ပညာတန်ဆောင်မဂ္ဂဇင်း"မှာ မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံး စဉ်ဆက်မပြတ်ထုတ်ဝေနိုင်ခဲ့သည့် "ပညာရေးမဂ္ဂဇင်းကြီး"တစ်စောင် ဖြစ်သည်။ ပညာတန်ဆောင်မဂ္ဂဇင်းကို ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ သို့ဆိုရလျှင် ယနေ့ ၂၀၂၅ ခုနှစ် ဇူလိုင်လဆိုရင် ပညာတန်ဆောင်မဂ္ဂဇင်း၏ သက်တမ်းသည် ၇၃ နှစ်နှင့် ၇ လ ပင်ရှိပြီဖြစ်သည်။

**နောက်ခံသမိုင်း**

ပညာမင်းကြီး၏အပါးတော်မြဲ ဆရာကြီးဦးထွန်းအောင်သည် ပညာရေးစာစောင်တစ်စောင်ကို ထုတ်ဝေရန် စေတနာအာသီသထက်သန်ပြင်းပြသည့်အလျောက် ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် "**ပညာမဂ္ဂဇင်း**" ကို စတင်ထုတ်ဝေခဲ့သည်။ ပညာမဂ္ဂဇင်းသည် ပုံနှိပ်ထုတ်ဝေမှုစောင်ရေ ၆၀၀၀ ထိရှိလာခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီးကာလ ၁၉၄၁ ခုနှစ် အကုန်ခန့်တွင် ရပ်စဲသွားခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက်ပိုင်း ပြည်တော်သာဘဝသစ် ဖန်တီးမှုပညာရေးစီမံကိန်းအရ နိုင်ငံတော်ကျောင်းများရှိ ဆရာ၊ ဆရာမများ၏ ပညာသင်ကြားမှုကောင်းမွန်တိုးတက်ရေးကိုရှေးရှု၍ အငြိမ်းစားလက်ထောက်ပညာမင်းကြီး ဦးထွန်းအောင်သည် "ပညာမဂ္ဂဇင်း" အစား "ပညာတန်ဆောင်"အမည်ဖြင့် ပညာရေးဆိုင်ရာစာစောင်တစ်စောင်ကို စတင်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

**စာပေပုံသဏ္ဌာန်နှင့်ပါဝင်သည့်ကဏ္ဍ**

ပညာတန်ဆောင်သည် ပညာရေး၊ ပညာပေးစာစောင်ဖြစ်သည်နှင့်အညီ ဆရာ၊ ဆရာမများ ပညာရေးဝန်ထမ်းများ၊ အထူးသဖြင့် မူလတန်းအဆင့်သင် ဆရာ၊ ဆရာမများအတွက် ကျောင်းသင်ဘာသာရပ်ဆိုင်ရာ သင်နည်းများ၊ ပညာရေးသတင်းများ၊ ပညာရေးဗဟုသုတဆိုင်ရာ ဆောင်းပါးများ၊ ပညာရေး ပညာပေးဝတ္ထုတိုများကို စာစောင်တွင် အလျဉ်းသင့်သလိုထည့်သွင်းဖော်ပြခဲ့သည်။

မဂ္ဂဇင်းတွင် နိုင်ငံတော်ပညာရေးမူဝါဒ စီမံကိန်းနှင့်စီမံချက်များ၊ အတွေ့ပွတ္တိများ၊ ကျောင်းသင်ဘာသာရပ်ဆိုင်ရာများ၊ ဆရာအတတ်သင် ဘာသာရပ်ဆိုင်ရာများ၊ ဆရာများ၏ အရည်အသွေးပိုမိုတိုးတက်ရေးဆိုင်ရာများ၊ ဆရာသိက္ခာ၊ ဆရာ့ဘဝ၊ မေတ္တာ၊ စေတနာ စသည့်ဆရာစိတ်ဓာတ်မြင့်မားရေးအကြောင်းအရာများ၊ ပညာရေးသုတေသနလုပ်ငန်းများ၊ နိုင်ငံတကာပညာရေး၊ အထွေထွေဗဟုသုတနှင့် ပညာရပ်များ ပါဝင်သည်။

စာပေပုံစံအမျိုးအစားများအနေဖြင့် ဆောင်းပါး၊ ကဗျာ၊ ပြဇာတ်၊ ဝတ္ထုတို၊ ဝတ္ထုလတ်၊ အတွေ့ပွတ္တိ၊ သဝဏ်လွှာများ၊ မိန့်ခွန်းများ၊ ပေးစာများ၊ ပညာရေးသတင်း၊ မှတ်တမ်း၊ ဓာတ်ပုံသတင်း၊ စာညွှန်း၊ စာပဒေသာကာတွန်း၊ ကျောင်းပတ်ဝန်းကျင်ဟာသ၊ ကိုးကားချက် အဆိုအမိန့်စာ၊ စကားများ စသည့်အကြောင်းအရာများ စုံလင်အောင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရသည်။

**အထူးစာစဉ်များထုတ်ဝေခြင်း**

"ပညာတန်ဆောင်အထူးစာစဉ်"သည် သင်ကြားပြသသည့် ဆရာ၊ ဆရာမများ၊ သင်ယူသူတပည့်များအတွက် သင်ကြားသင်ယူမှုကို ပံ့ပိုးအားဖြည့်ပေးပြီး လက်စွဲသဖွယ်အသုံးပြုနိုင်သည်။ "**ပညာတန်ဆောင်အထူးစာစဉ်**"များကို ၁၉၈၂ ခုနှစ်မှစတင်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ စသည့်ဘာသာရပ်များဖြင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးမှုအတွက် ပြုစုပျိုးထောင်ခြင်းဆိုင်ရာ ပံ့ပိုးမှုအဖြစ်လည်းကောင်း အထူးစာစဉ် ၃၃ မျိုးကို ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးခဲ့သည်။ ထုတ်ဝေဖြန့်ချိပေးသည့် စာစဉ်များအနက် အမျိုးသားစာပေဆုဆွတ်ခူးရရှိခဲ့သော စာအုပ်များမှာ ဆရာဦးသန်းထွတ် (တိုက်စိုး)ရေးသားသော "**မင်္ဂလာပါဆရာမ**" စာအုပ်သည် ၁၉၉၆ ခုနှစ်အတွက် အမျိုးသားစာပေဆုကိုလည်းကောင်း၊ ဆရာကြီး ဦးသန်းဦးရေးသားသော "**မြန်မာနိုင်ငံပညာရေးဌာနသမိုင်း**" စာအုပ်သည် ၁၉၉၉ ခုနှစ်အတွက် အမျိုးသားစာပေဆုကိုလည်းကောင်း၊ ဆရာကြီးဦးသောင်းထွဋ်ရေးသော "မြန်မာ့ပညာရေးရှုခင်း"စာအုပ်သည် ၂၀၀၀ ပြည့်နှစ် အမျိုးသားစာပေဆုအတွက်လည်းကောင်း ဆုအသီးသီးရရှိခဲ့သည်။

**ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပညာမင်းကြီး၏ အားပေးကူညီမှုဖြင့် ပညာတန်ဆောင်မဂ္ဂဇင်းစာစောင်ပုံမှန်ထုတ်ဝေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှေးရှုလျက်၊ အစိုးရအဖွဲ့အစည်းမဟုတ်သော "ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့"ကို ၁၉၅၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့ကဦးစီးကြီးကြပ်၍ "ပညာတန်ဆောင်"ကို လစဉ်ထုတ်ဝေဖြန့်ချိပေးခဲ့ခြင်းဖြစ်သည်။

ပထမဦးဆုံး ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှာ ဦးသန့်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သည်။ ၁၉၅၂ ခုနှစ်က ဦးသန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန၏ အတွင်းဝန်ဖြစ်သည်။ အဖွဲ့ဝင်များမှာ လက်ထောက်ပညာမင်းကြီး ဦးဘိုးသုန်၊ နိုင်ငံတော်ဆရာအတတ်သင်သိပ္ပံကျောင်းအုပ်ကြီး ဦးဘဘွား၊ ပုဇွန်တောင်မြူနီစီပယ်ကျောင်းဆရာကြီး ဦးရွှေဖုန်းရင်၊ မသင်မနေရ မူလတန်းပညာအထူးအရာရှိ ဦးထွန်းအောင်တို့ဖြစ်သည်။ ဦးထွန်းအောင်သည် ပညာတန်ဆောင်အဖွဲ့၏ အမှုဆောင်နှင့်အုပ်ချုပ်ရေးမှူးလည်းဖြစ်သည်။

၁၉၅၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ပြောင်းလဲတာဝန်ယူထမ်းဆောင်ပေးခဲ့ကြသည့် ပုဂ္ဂိုလ် ၁၁ ဦးရှိသည်။ ၎င်းတို့မှာ-

၁။ ဦးသန့်(အတွင်းဝန်ပညာရေးဝန်ကြီးဌာန)
၂။ ဦးမြင့်(ပါလီမန်အတွင်းဝန်)
၃။ ဝဏ္ဏကျော်ထင် ဦးဘဖေ(လက်ထောက်ပညာမင်းကြီး)
၄။ ဝဏ္ဏကျော်ထင် ဦးကွန်း (ဌာနမှူးပညာရေးမဟာဌာန)
၅။ ဦးရွှေဖုန်းရင် (ဆရာအတတ်သင်သိပ္ပံကျောင်းအုပ်ကြီး)
၆။ ဦးအေးမောင်(ညွှန်ကြားရေးမှူးပညာရေး)
၇။ ဦးစံမြင့်(ပါမောက္ခချုပ်)(ငြိမ်း)
၈။ ဝဏ္ဏကျော်ထင်ဦးဘိုးသွယ်(ကထိက)(ငြိမ်း)
၉။ တက္ကသိုလ်ထင်ကြီး ညွှန်ကြားရေးမှူး(စာပေဗိမာန်)
၁၀။ ဒေါက်တာဦးသန်းဦး(အခြေခံပညာညွှန်ချုပ်)(ငြိမ်း)
၁၁။ ဒေါက်တာတိုးလှ(ပါမောက္ခ)(ငြိမ်း)

ဥက္ကဋ္ဌ ၁၁ ဦးအနက် ဆရာကြီးဒေါက်တာဦးသန်းဦးသည် ဒသမမြောက် ဥက္ကဋ္ဌဖြစ်သကဲ့သို့ ၁၉၉၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ နှစ်ပေါင်း ၂၄ နှစ်တိုင်အောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာကြီးကွယ်လွန်ပြီးနောက် ၂၀၂၅ ခုနှစ်တွင် ဆရာကြီးဒေါက်တာတိုးလှကို ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတာဝန် ပေးခဲ့သည်။

❖"ပညာတန်ဆောင်အထူးစာစဉ်"သည် သင်ကြားပြသသည့် ဆရာ၊ ဆရာမများ၊ သင်ယူသူတပည့်များအတွက် သင်ကြားသင်ယူမှုကို ပံ့ပိုးအားဖြည့်ပေးပြီး လက်စွဲသဖွယ်အသုံးပြုနိုင်သည်။ "ပညာတန်ဆောင်အထူးစာစဉ်"များကို ၁၉၈၂ ခုနှစ်မှစတင်၍ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ စသည့်ဘာသာရပ်များဖြင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးမှုအတွက် ပြုစုပျိုးထောင်ခြင်းဆိုင်ရာ ပံ့ပိုးမှုအဖြစ်လည်းကောင်း အထူးစာစဉ် ၃၃ မျိုးကို ပုံနှိပ်ထုတ်ဝေဖြန့်ချိပေးခဲ့သည်။❖

**အုပ်ချုပ်ရေးမှူးများ**

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့အတွက် အုပ်ချုပ်ရေးမှူးများသည်လည်း အရေးပါသည်။ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကို တာဝန်ခံရသည်။ အုပ်ချုပ်ရေးမှူးများမှာ ဦးထွန်းအောင်၊ ဝဏ္ဏကျော်ထင်ဦးဘိုးသွယ်၊ ဦးသန်းညွန့်၊ ဦးသာညွန့်၊ ဦးသောင်းစိန်၊ ဦးညွန့်ရင်၊ ဦးတင်သန်း၊ ဦးသောင်းခိုင်၊ ဦးတင်လှိုင်၊ ဦးမြကျော်တို့ဖြစ်သည်။

**ပညာတန်ဆောင်စာပေပြိုင်ပွဲများ**

ပညာတန်ဆောင်သည်ဆရာ၊ဆရာမများအတွက် ပညာရေးအတတ်ပညာ၊ ဆရာအတတ်ပညာ၊ ခေတ်မီသင်ကြားရေးနည်းနှင့်နည်းပညာရပ်များကို ဖြန့်ဝေပေးသည့်တာဝန်ကိုသာမက၊ ဆရာ၊ ဆရာမများ၏ သီကုံးနွှန်းဖွဲ့မှု၊ တီထွင်ဖန်တီးမှု၊ ထိုးထွင်းဉာဏ်ရှိမှု၊ ဘာသာပြန်အတတ်ပညာ စသောအရေးအသား၊ စွမ်းပကားကလောင်စွမ်းအားပိုမိုရှင်သန်ထက်မြက်လာစေရန် ရည်သန်လျက် ကလောင်သွေးပေးရေးတာဝန်ကိုပါ ဆောင်ရွက်ပေးဆဲဖြစ်သည်။

ကလောင်သစ် ဆရာ၊ ဆရာမများကို ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးသည့် အနေဖြင့် ဆရာ၊ ဆရာမများ၏ ကလောင်စွမ်းပိုမိုထက်မြက်လာစေရန် ဆောင်ရွက်ပေးခဲ့သည့် လုပ်ငန်းများအနက် ပညာတန်ဆောင် စာပေပြိုင်ပွဲကျင်းပခြင်းသည် ပညာတန်ဆောင်၏ အထူးအရေးပါလှသော အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။

၁၉၅၄ ခုနှစ်မှစ၍ ပညာတန်ဆောင်စာပေပြိုင်ပွဲများကို စတင်ကျင်းပခဲ့ပြီး ထိုအချိန်က ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဖြင့်သာ စတင်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ဝတ္ထုတိုပြိုင်ပွဲ၊ ၁၉၉၅ ခုနှစ်တွင် သင်ကြားမှုအထောက်အကူကားချပ်ပြိုင်ပွဲ၊ ၁၉၉၉ ခုနှစ်တွင် ဘာသာပြန်ပြိုင်ပွဲ၊ ၂၀၀၀ ပြည့်နှစ်မှစ၍ ဖတ်၊ မှတ်စွမ်းရည်ပြိုင်ပွဲတို့ကို အသီးသီးကျင်းပလာခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် ကျောင်းသူလူငယ်တို့၏ စာပေအရေးအသားတိုးတက်ကောင်းမွန်စေရန် ၁၉၉၃ ခုနှစ်မှစ၍ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကို စတင်ကျင်းပပေးခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ စာပေပြိုင်ပွဲများကျင်းပရာ၌ ပြိုင်ပွဲအသီးသီးတွင် ဆုရသူဦးရေ ၁၀၀၀ နီးပါး ရှိလာပြီဖြစ်သည်။

ပညာတန်ဆောင်စာပေပြိုင်ပွဲများသည် ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများကို ပညာဗဟုသုတနှင့် ပညာရေးရသမျိုးစုံ ဖော်ထုတ်နိုင်စွမ်းရှိလာစေပြီး ထိုမှတစ်ဆင့် အောင်မြင်သည့်စာပေကလောင်ရှင်များ မွေးထုတ်ပေးလာနိုင်ခြင်းကြောင့် နိုင်ငံတော်အဆင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေစာပေဆု စသည်တို့တွင် ဆုများဆွတ်ခူးရရှိလာသည့် ပညာတန်ဆောင်ကလောင်ရှင်များအဖြစ် တက်လှမ်းရောက်ရှိလာသည်ကို အားပါးတရ တွေ့မြင်နေကြရပြီဖြစ်၍ ဂုဏ်ပြုမှတ်တမ်းတင်ရပါသည်။

၁၉၉၉ ခုနှစ်တွင် ကျင်းပသော ပညာတန်ဆောင်ဆုနှင်းသဘင်အခမ်းအနားတွင် နိုင်ငံတော်အဆင့်စာပေပြိုင်ပွဲအသီးသီးတွင် ဆုချီးမြှင့်ခံရသော ပညာတန်ဆောင်ကလောင်ရှင်များကို ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့က နှစ်စဉ်ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။

**ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရသူများ**

ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဦးသန်းဦးနှင့် ဒုတိယဥက္ကဋ္ဌဆရာကြီးဦးတင်ညိုတို့ကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ပါမောက္ခချုပ်ကိုယ်တိုင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်ခဲ့သည်ကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ထို့အတူ ဆရာကြီးမဟာပညာဘွဲ့ရရှိခဲ့သော အမေရိကန်ပြည်ထောင်စု ဟာဗါရီတက္ကသိုလ်ကလည်း ဆရာကြီးဦးသန်းဦးကို ၂၀၁၅ ခုနှစ် မေ ၁၆ ရက်တွင် ကျင်းပသော ၁၀၄ ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၎င်းတက္ကသိုလ်၏ အမြင့်ဆုံးပါရဂူဘွဲ့ဖြစ်သော လူထုအကျိုးပြု ဂုဏ်ထူးဆောင်ပါရဂူဘွဲ့(Honorary Doctorate of Human Letters)ဘွဲ့ ထပ်မံချီးမြှင့်ခံရသည်။ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာကြီးဒေါက်တာသန်းဦးမှာ ၂၀၁၅ ခုနှစ်တစ်နှစ်အတွင်း ပါရဂူဘွဲ့နှစ်ဘွဲ့ရရှိခြင်းအတွက် ထူးထူးခြားခြားဂုဏ်ပြုရပါသည်။

ထို့အတူ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာဦးတင်ညိုကိုလည်း ရန်ကုန်တက္ကသိုလ်က ပါရဂူဘွဲ့ချီးမြှင့်သဖြင့် ပညာတန်ဆောင်အနေဖြင့်ရော၊ တပည့်တပန်းများပါ ဂုဏ်ပြုကြရပါသည်။

ပညာတန်ဆောင်သည် ၁၉၅၂ ခုနှစ် ဇန်နဝါရီမှ စတင်၍ ထုတ်ဝေဖြန့်ချိလာခဲ့ရာ ယခု ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ၇၃ နှစ်နှင့် ၇ လ သက်တမ်းရှိခဲ့ပြီး လစဉ်ပုံမှန်အရှိန်မပျက် စာစောင် ၄၀၀၀၀ ကို ဖြန့်ချိပေးနိုင်သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်နေကြသည်။ သက်တမ်း ၇၃ နှစ် ပြည့်ခဲ့ပြီဖြစ်သော "**သက်တမ်းရှည်ပညာတန်ဆောင်မဂ္ဂဇင်း**" သည် မွန်မြတ်လှသော "**သမိုင်းပေးတာဝန်၊ ပညာရေးတာဝန်၊ စာပေပြုစုပျိုးထောင်ရေးတာဝန်**"ဟူသော တာဝန်ကြီးသုံးရပ်ကို မပျက်မကွက် ဆောင်ရွက်နိုင်စွမ်းရှိသည့် မြန်မာနိုင်ငံ၏သက်တမ်းရှည်မဂ္ဂဇင်းကြီးတစ်စောင်ဖြစ်ကြောင်း ဂုဏ်ယူစွာရေးသားလိုက်ရပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၂၂၄၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်




**ရွှေဘို ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၂၂၄၄၂ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၄၉၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို မေလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၂၄၄၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၄၂ တင်းထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၆၄၉၁၀ ထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့စပါးခင်းတွေကို အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာနဲ့ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိဖို့ ရိတ်သိမ်းပြီးစပါးတွေအမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေးသင်တန်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ခြင်းစသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးနုသန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးနုသန်းပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးနုသန်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးနုသန်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးနုသန်းများကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားတက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးနုသန်းဈေးကလဲ မဆိုးပါဘူး။ ဒီဘက်ပွဲရုံတွေကို ငါးနုသန်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်က ငါးနုသန်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် တင်ပို့ရောင်းချအားတက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်က ငါးနုသန်းတွေကို ပြီးခဲ့တဲ့ ဇွန်လ ပထမပတ်လောက် ကတည်းက အဝယ်လိုက်ခဲ့ပါတယ်။ အခြားငါးတွေလဲ ဝယ်လိုအားတက်လာပါတယ်။ ရန်ကုန်ဈေးကွက်က ငါးတွေဝယ်ယူအားတက်လာပေမဲ့ ဈေးကတော့ သိပ်မတက်သေးပါဘူး" ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးနုသန်းတစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဗဟုဝင်ရိုးကမ္ဘာဆီသို့ ကုန်သွယ်ရေးမိတ်ဖက်အသစ်များ ပေါင်းစည်းလာမှု

အမေရိကန်နိုင်ငံ ကုန်သွယ်ရေးမူဝါဒအသစ်များ၏ နောက်ဆက်တွဲရိုက်ခတ်မှုများကြောင့် နိုင်ငံတကာကုန်သွယ်ရေးစနစ်ကို အပြောင်းအရွှေ့များဖြစ်ပေါ်လာစေခဲ့သည်။ အဆိုပါ မူဝါဒများက အရှေ့တောင်အာရှဒေသကို သက်ရောက်မှုအကြီးမားဆုံးဖြစ်ပေါ်လာစေသည့်အတွက် အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံဖြင့် ဖွဲ့စည်းထားသော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)သည် နိုင်ငံစုံပါဝင်သော မိတ်ဖက်အသစ်များရှာဖွေရန် ကြိုးပမ်းလာသည်။ ဥရောပသမဂ္ဂ (EU)၊ တရုတ်၊ အာရပ်ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (GCC) တို့သည် ကမ္ဘာ့ကုန်သွယ်ရေးတွင် အဓိကအင်အားကြီးသော နိုင်ငံနှင့် အဖွဲ့အစည်းများအဖြစ် ပေါ်ထွက်လာကြပြီး အာဆီယံအဖွဲ့ကြီးနှင့် မဟာဗျူဟာကျကျ ကုန်သွယ်မှုများ မြှင့်တင်လာကြသည်။ ထိုသို့ ကုန်သွယ်ဖက်ဆက်ဆံရေးများ တိုးမြှင့်လာခြင်းသည် ဒေသတွင်းကုန်သွယ်မှုကို ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုဆီသို့ သွားရောက်နိုင်ရန် ရည်ရွယ်သည်။


အမေရိကန်၏ မြင့်မားသော အကောက်ခွန်နှုန်းထားများ တိုးမြှင့်ကောက်ခံခြင်းခံရသော အရှေ့တောင်အာရှနိုင်ငံများသည်လည်း အာဆီယံဒေသ၏ ကုန်ထုတ်လုပ်မှုနှင့် ပို့ကုန်တင်ပို့နိုင်သည့် အင်အားများ ပိုင်ဆိုင်ထားသည်ကတစ်ကြောင်း၊ ကမ္ဘာ့ကုန်စည်များ၏ အဓိကစားသုံးသူအနေဖြင့် ရပ်တည်နေသည်ကတစ်ကြောင်းတို့ကြောင့် ကုန်သွယ်ရေးတွင် အင်အားကြီးမားသော တရုတ်၊ EU နှင့် GCC တို့နှင့် ရှိရင်းစွဲ ကုန်သွယ်ဖက်ဆက်ဆံရေးကို ခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းလာသည်။ အရှေ့တောင်အာရှဒေသကြီးသည် စီးပွားရေးအလားအလာကောင်းများပိုင်ဆိုင်ထားပြီး ကမ္ဘာ့ကုန်သွယ်မှုဆက်ဆံရေးများတွင် ပြိုင်ဆိုင်မှုအားကောင်းသော အဖွဲ့ကြီးတစ်ခုအနေဖြင့် ရပ်တည်နေသည်။

ယခုအခါ အမေရိကန်၏ ရက်ပေါင်း ၉၀ ကြာ ခေတ္တဆိုင်းငံ့ထားသော အကောက်ခွန်စည်းကြပ်မှုမူဝါဒသည် ဇူလိုင် ၉ ရက်နောက်ပိုင်းတွင် ပြန်လည်အသက်ဝင်တော့မည်ဖြစ်သဖြင့် စည်းမျဉ်းအခြေခံသော ကမ္ဘာ့ကုန်သွယ်ရေးအစီအစဉ်သည် ပျက်ပြားသွားမည်ကို စိုးရိမ်မှုများ မြင့်တက်လာကြသည်။ ဂျာမနီနိုင်ငံဝန်ကြီးချုပ်ဟောင်းဖြစ်သူ အိန်ဂျလာ မာကယ်အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များသည် ကုန်သွယ်ရေးအပေါ် သက်ရောက်မှုများကိုကာကွယ်နိုင်ရန်နှင့် စည်းမျဉ်းအခြေခံသော ကုန်သွယ်ရေးစနစ်ကို ချဲ့ထွင်နိုင်ရန်အတွက် မိတ်ဖက်အသစ်များ ပေါင်းစည်းမှုကို ထောက်ခံအားပေးကြသည်။

အမေရိကန်၏အကောက်ခွန်မူဝါဒကြေညာသည့် ရက်ပေါင်း ၉၀ အတောအတွင်းတွင် အရှေ့တောင်အာရှဒေသတွင် ကုန်သွယ်ဖက်အသစ်များရှာဖွေလာမှု၊ ကုန်သွယ်ရေးအင်အားကြီးအစုအဝေးများ ပေါ်ထွက်လာမှုနှင့် အာဆီယံဒေသတွင်း ကုန်သွယ်ရေးကို အလေးပေးလာမှု စသည့်ကုန်သွယ်ရေးအပြောင်းအလဲများ ပေါ်ပေါက်လာသည်။ သာဓကအနေဖြင့်ပြရသော် ပြီးခဲ့သည့် မေ ၂၇ ရက်တွင် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ပထမအကြိမ်မြောက်အာဆီယံ-အာရပ်ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (GCC)-တရုတ် (ASEAA-GCC-China Summit) ထိပ်သီးအစည်းအဝေးကြီးပင်ဖြစ်သည်။ အဆိုပါ သုံးဦး သုံးဖလှယ်ပေါင်းစည်းမှုသည် ပထမဆုံးပေါင်းစည်းမှုဖြစ်လာပြီး ကမ္ဘာ့အသားတင်ကုန်ထုတ်လုပ်မှု(GDP)၏ ၂၀ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုနေသည်။ အဆိုပါ ပေါင်းစည်းမှု၏ရလဒ်အနေဖြင့် တတိယအကြိမ်မြောက် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု အဆင့်မြှင့်တင်မှု (ACFTA)၊ အာဆီယံ-GCC လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (FTA) အဆိုပြုမှုနှင့် တရုတ်-GCC FTA ထူထောင်ရန်ဆွေးနွေးမှုတို့ ပေါ်ပေါက်လာပါသည်။ ထို့မျှသာမက ပစိဖိတ်ဖြတ်ကျော် ဘက်စုံတိုးတက်မှုသဘောတူစာချုပ် (CPTPP)၏ ကြေညာချက်အရ ၎င်းသည် ဥရောပသမဂ္ဂနှင့် အာဆီယံအဖွဲ့ကြီးတို့ ကုန်သွယ်ဖက်ဆက်ဆံရေး ထူထောင်ရန် လိုလားကြောင်း ဖော်ပြထားသည်။ ဒီဂျစ်တယ်ကုန်သွယ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု စသည့်နယ်ပယ်အသစ်များတွင် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန်၊ အမေရိကန်၏ အကောက်ခွန်ချမှတ်မှု အစီအစဉ်အပေါ် အတူတကွလက်တွဲတုံ့ပြန်နိုင်ရန်နှင့် အခြားသော ကုန်သွယ်ရေးအတားအဆီးများကို ရင်ဆိုင်နိုင်ရန် စသည့်ရည်ရွယ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်လာကြသည်။ CPTPP တွင် ယူကေနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံ လေးနိုင်ငံပါဝင်မှုတို့ဖြင့် အနာဂတ်တွင် ပစိဖိတ်ဖြတ်ကျော်ကုန်သွယ်ရေးအဖွဲ့ကြီးတစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

ယခုနှစ် အာရှ၏ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်ကြသည့် လုံခြုံရေးဖိုရမ်ဖြစ်သည့် ရှန်ဂရီလာဆွေးနွေးပွဲတွင် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က အမေရိကန်နှင့် တရုတ်ကို မမှီခိုပဲ အာရှနှင့် ဥရောပတို့ပူးပေါင်း၍ တတိယမြောက် အင်အားကြီးအစုအဖွဲ့အဖြစ် ပေါ်ပေါက်လာပြီး လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ ကမ္ဘာ့စံနှုန်းများ ချမှတ်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ ဥရောပသည်ကြီးမားသောကမ္ဘာ့စားသုံးသူဈေးကွက် အခိုင်အမာရရှိထားသော အာရှအင်အားကြီး နိုင်ငံများနှင့် တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ လက်ရှိတွင် ဥရောပသမဂ္ဂနှင့် စင်ကာပူနိုင်ငံကြား ဒစ်ဂျစ်တယ်ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားပြီး ဥရောပသမဂ္ဂသည် အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများ ခိုင်မာအားကောင်းလာစေသည်။

အရှေ့တောင်အာရှဒေသသည် ပြီးခဲ့သည့်လပိုင်းအတွင်းတွင် GCC အဖွဲ့ကြီးနှင့် ဒေသတွင်းကုန်သွယ်ရေးတွင် မဟာဗျူဟာကျကျ ပေါင်းစည်းလာမှုများ ပြုလုပ်လာသည်ကို တွေ့မြင်ရသည်။ GCC နှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် ၂၀၂၅ ခုနှစ်တွင် အပြီးသတ်ညှိနှိုင်းရန်ရှိသည့် လွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် (FTA) အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်။ ထို့ပြင် GCC သည် မလေးရှားနိုင်ငံနှင့်လည်း FTA ထူထောင်ရန် ဆွေးနွေးညှိနှိုင်းမှုများ စတင်ပြုလုပ်နေသည်။ ပြီးခဲ့သည့်မေလတွင်လည်း ပထမဆုံးအကြိမ် ကျင်းပပြုလုပ်သော အာဆီယံ-GCC-တရုတ် ကုန်သွယ်ရေးပေါင်းစည်းမှုတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် GCC နိုင်ငံများ၏ လူဦးရေ၊ အရွယ်အစားနှင့် စီးပွားရေးအလားအလာကောင်းများ ပိုင်ဆိုင်ထားမှုက အာဆီယံအတွက် အရေးကြီးသော ကုန်သွယ်ရေးမိတ်ဖက်ဖြစ်နေကြောင်း သက်သေပြနေသည်။




အာဆီယံ၊ GCC နှင့် တရုတ်နိုင်ငံတို့သည် သမိုင်းကြောင်းအရ စီးပွားဆက်သွယ်ရေးများရှိခဲ့ပါသည်။ လွန်ခဲ့သော ရာစုနှစ်များက တရုတ်နိုင်ငံ၏ ပိုးလမ်းမလမ်းကြောင်းရှိ ပြည်သူများအကြား ယဉ်ကျေးမှုဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အပြန်အလှန်ကူးလူးဆက်နွှယ်မှုများလည်း ရှိခဲ့သည်။ ယနေ့ခေတ်တွင်လည်း တရုတ်နိုင်ငံသည် အာဆီယံနှင့် GCC ၏ အရေးပါသော ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအနေဖြင့် ရပ်တည်နေသည်။ သုံးဦးသုံးဖလှယ် ထိပ်သီးဆွေးနွေးပွဲတွင်လည်း ဗဟုဝင်ရိုးကမ္ဘာကို ထောက်ခံအားပေးကြောင်း အဆိုပြုခဲ့ကြသည်။ ဒေသတစ်ခုစီ၏ ထူးခြားသောအားသာချက်များက အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ တက်လှမ်းလာနိုင်မည်ဖြစ်သည်။ အာဆီယံတွင် များပြားသော သဘာဝသယံဇာတများနှင့် လူငယ်လူဦးရေ၊ GCC တွင် စွမ်းအင်အရင်းအမြစ်များနှင့် ငွေကြေးအရင်းအနှီးများ၊ တရုတ်နိုင်ငံတွင် ကြီးမားသော စားသုံးသူဈေးကွက်နှင့် ကုန်ထုတ်လုပ်မှုစွမ်းအားတို့ အသီးသီး ပိုင်ဆိုင်ထားကြပြီး ၎င်းတို့ကို ပေါင်းစည်းလိုက်လျှင် ကမ္ဘာ့လူဦးရေ GDP ၏ လေးပုံပုံလျှင် တစ်ပုံနီးပါး ရှိမည်ဖြစ်သည်။ အဆိုပါအားသာချက်များကို အသုံးချ၍ မိတ်ဖက်နိုင်ငံများသည် စွမ်းအင်အရင်းအမြစ် ကုန်ကျစရိတ်များ လျှော့ချနိုင်လာခြင်း၊ ထောက်ပံ့ပို့ဆောင်ရေး မြှင့်တင်နိုင်ခြင်းနှင့် ထိရောက်မှုရှိသော ငွေကြေးဆိုင်ရာဝန်ဆောင်မှုများပြုလုပ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာစေမည်ဖြစ်ပါသည်။

ထိုသို့ သုံးဦးသုံးဖလှယ်ပေါင်းစည်းမှုသည် သိသာထင်ရှားသော တိုးတက်မှုများရှိလာကြောင်း တွေ့ရှိရသည်။ အဆိုပါ ထိပ်သီးအစည်းအဝေးပွဲကြီးတွင် တရုတ်နိုင်ငံဝန်ကြီးချုပ် လီကျွင်းက တရုတ်နိုင်ငံသည် အာဆီယံနိုင်ငံများအတွက် စီးပွားရေးဆိုင်ရာနှင့် အခြားသောရည်ရွယ်ချက်များအတွက် ငါးနှစ်သက်တမ်းရှိ ဝင်ခွင့်ဗီဇာလျှောက်ခွင့် ပေးအပ်ထားပြီး GCC နိုင်ငံများအတွက် ဗီဇာကင်းလွတ်ခွင့် ပေးအပ်ထားကြောင်း ကြေညာခဲ့သည်။ အာဆီယံ၊ GCC နှင့် တရုတ်နိုင်ငံတို့သည် စီးပွားရေးပေါင်းစည်းမှု၊ ဆက်သွယ်ချိတ်ဆက်မှု၊ စွမ်းအင်လုံခြုံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု၊ ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ဆန်းသစ်တီထွင်မှု၊ အစားအစာနှင့် စိုက်ပျိုးရေး၊ ပြည်သူအချင်းချင်းအပြန်အလှန်ဆက်သွယ်မှု စသည့်နယ်ပယ်များတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် ကတိကဝတ်ပြုခဲ့ကြသည်။

အာဆီယံသည် ပြင်ပဖိအားများကို ကြံ့ကြံ့ခံနိုင်ရန် ဒေသတွင်းခိုင်မာအားကောင်းမှုကို တည်ဆောက်ရာတွင် အာဆီယံဒေသတွင်းကုန်သွယ်မှုကို အလေးပေးဆောင်ရွက်နေသည်။ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းတွင်လည်း အာဆီယံကုန်စည်ကုန်သွယ်ရေးသဘောတူစာချုပ် (ATIGA)ကို အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့သည်။ ထို့ကြောင့် အာဆီယံသည် အကောက်ခွန်မဟုတ်သော ကုန်သွယ်ရေးအတားအဆီးများကို ဖယ်ရှားနိုင်လာပြီး ကြံ့ကြံ့ခံနိုင်သော ဒေသတွင်းထောက်ပံ့ပို့ဆောင်ရေး တိုးမြှင့်လာနိုင်မည်ဖြစ်သည်။ ထိုမှတစ်ဆင့် လွယ်ကူချောမွေ့သော ကုန်သွယ်ရေးစီးဆင်းမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။

နှစ်နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက အရှေ့တောင်အာရှဒေသ၏ စီးပွားရေးအင်အား အကြီးမားဆုံးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သည် နှစ်နိုင်ငံ ကုန်သွယ်ရေးမြှင့်တင်နိုင်ရန် ပူးတွဲအစိုးရကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားသည်။ ဈေးကွက်ရရှိမှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ချဲ့ထွင်နိုင်ရန် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်လာသည်။ ထို့မျှသာမက အာဆီယံဒေသ၏ အလုံးစုံသော ထောက်ပံ့ပို့ဆောင်ရေး ကြံ့ခိုင်မှုရှိစေရန်အတွက် စင်ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သည် ဂျိုဟာ-စင်ကာပူ အထူးစီးပွားရေးဇုန်တည်ဆောက်ရန် ကြေညာထားသည်။

လွန်ခဲ့သည့် သုံးလအတွင်းတွင် အထက်ပါ ကုန်သွယ်ရေး မူဝါဒအပြောင်းအလဲများ ဖြစ်ပေါ်လာမှုသည် နိုင်ငံအများအပြားသည် အမေရိကန်အပေါ် စီးပွားရေးမှီခိုမှုများလျှော့ချ၍ လွတ်လပ်သော ကမ္ဘာ့ကုန်သွယ်ရေးအစီအစဉ်သစ်ကို ထိန်းသိမ်းလာခြင်းဖြစ်သည်။ ဗဟုဝင်ရိုးကမ္ဘာတွင် ကုန်သွယ်ရေးမိတ်ဖက်အသစ်များ ရှာဖွေထူထောင်လာမှုသည် ပထဝီနိုင်ငံရေးရိုက်ခတ်မှုများကြောင့် အချင်းချင်း စည်းလုံးသွားကြခြင်းဖြစ်သည်။ အလယ်အလတ်စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သော အာဆီယံနိုင်ငံများ၏ အမြော်အမြင်ရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် အနာဂတ်တွင် အလယ်အလတ်အင်အားကြီးနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုဆီသို့ ဦးဆောင်သွားနိုင်မည်ဖြစ်သည်။ ထိုသို့ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအပြန်အလှန်မှီခိုမှုများ ပြုလုပ်လာနိုင်ခြင်းဖြင့် မသေချာ မရေရာမှုများ ပေါ်ပေါက်လာသောကမ္ဘာကြီးတွင် မိမိတို့၏ မတူညီကွဲပြားမှုများကို အခွင့်အလမ်းသစ်များအဖြစ် ပြောင်းလဲဖော်ဆောင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

-https://thediplomat.com/2025/06/how-90-days-of-accelerated-trade-alliances-reshaped-southeast-asia/

**ထူးတင့်ဟန်**

# ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းရှိ တိုကာရာကျွန်းစုတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့



**တိုကျို ဇူလိုင် ၆**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကာဂိုရှီးမားစီရင်စုရှိ တိုကာရာကျွန်းစုတွင် ပြင်းအား ၅ ဒသမ ၄ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှု ဇူလိုင်၅ရက်တွင်ဖြစ်ပွားခဲ့ကြောင်း ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အဆိုပါငလျင်သည် တိုကာရာကျွန်းစုတွင် ဇူလိုင် ၅ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီ ၂၉ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်သည် ကျွန်းစု၏အနက် ၁၉ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၃ ရက်ကလည်း ထိုကျွန်းတွင် ၅ ဒသမ ၅ မဂ္ဂနီကျူအဆင့်ရှိငလျင်လှုပ်ခတ်ခဲ့သဖြင့် တစ်ပတ်အတွင်း ငလျင်နှစ်ကြိမ် ဆက်တိုက်လှုပ်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ငလျင်များဆက်တိုက်လှုပ်ခတ်ခဲ့သဖြင့် လူနေအဆောက်အအုံ၊ အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားတချို့ ပျက်စီးခဲ့ရသည့်အပြင် သစ်များနှင့်လျှပ်စစ်ခေါက်အားပေးခေါက်တိုင်တချို့ ပြိုလဲခဲ့ရကြောင်း၊ ထို့ပြင် ငလျင်ဆက်တိုက်လှုပ်ခတ်ခဲ့သည့် အတွက်ကြောင့် စိတ်ချရမှုမရှိသော အန္တရာယ်အဆောက်အအုံအပျက်အစီးများကြား ပိတ်မိနေသူများလည်းရှိသည့်အတွက် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်နေရကြောင်း၊လက်တလော လူသေဆုံးမှုမရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူများရှိကြောင်း နိုင်ငံအရေးပေါ် ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ငလျင်လှုပ်ခတ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုကဲ့သို့ငလျင်များဆက်တိုက်လှုပ်ခတ်ခဲ့သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# တက္ကဆက်ပြည်နယ် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးနေ

**ဝါရှင်တန် ဇူလိုင် ၆**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူ ၁၃ ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသူနှစ်ဦးရှိနေကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းကထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။



ရေကြီးရေလျှံမှုသည် ကာကောင်တီနယ်မြေအတွင်း ဖြစ်ပေါ်နေခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူ နှစ်ဦးမှာ လူငယ်လေ့ကျင့်ရေးစခန်းမှ အသက် ၂၀ ကျော်အမျိုးသမီးငယ်နှစ်ဦးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လမ်းတချို့ကို ယာယီပိတ်ထားရပြီး ရေစီးနှင့် အတူသစ်ကိုင်းများနှင့် အမှိုက်သရိုက်များမျောပါလာခြင်းကြောင့် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်နေကြောင်း၊ ကာကောင်တီကို ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေ သတ်မှတ်ကြောင်း နေရှင်နယ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

"မိုးရွာပြီးအချိန်တိုအတွင်းမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်လာခဲ့တယ်။ အချိန်အားဖြင့် နှစ်နာရီအတွင်းမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ မိုးလေဝသအခြေအနေက ခန့်မှန်းရခက်တဲ့အခြေအနေဖြစ်ပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်လို့ ရေကြီးရေလျှံမှုဟာ အချိန်ကာလတစ်ခုထိ ကြာမြင့်နိုင်တယ်။ ဒေသခံတချို့ကိုလဲ အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်"ဟု တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဒယ်လ်တန်ရိုက်က ပြောကြားခဲ့သည်။

မိုးရေချိန် မြင့်မားနေသည့်အတွက် အချိန်တိုအတွင်းရေကြီးရေလျှံမှုဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပြီး ဒေသခံတချို့ကို အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းရန် တက္ကဆက်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# တူကီယဲနိုင်ငံတောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး မီးပေါ့ဆသူ ၁၀ ဦးကို သံသယမှုဖြင့် ဖမ်းဆီးထိန်းသိမ်းထား

**အင်ကာရာ ဇူလိုင် ၆**

တူကီယဲနိုင်ငံ အစ်ဇ်မီရ်စီရင်စု အနောက်ဘက်ကမ်းခြေဒေသ၌ ဇူလိုင် ၃ ရက်တွင် လောင်ကျွမ်းခဲ့သောတောမီးသည် သဘာဝအလျောက် လောင်ကျွမ်းခဲ့ခြင်းမဟုတ်ဘဲ မီးပေါ့ဆသူများကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များက သံသယရှိသူ ၁၀ ဦးကို စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီး ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကို ရယူထားသော်လည်း တောမီးအရှိန်ကြောင့် တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေဆဲဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုနှင့်ပတ်သက်ပြီး မီးပေါ့ဆသူဟု သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးထိန်းသိမ်းပြီးနောက် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး မီးပေါ့ဆသူဟု သံသယရှိသူများကိုလည်း ထပ်မံစုံစမ်းဖော်ထုတ်နေကြောင်း၊ စုံစမ်းစစ်ဆေးမှုများအရ မီးပေါ့ဆသူဟု သံသယရှိသူ ၁၅ ဦးကို ထပ်မံ၍ ဖမ်းဆီးထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

"အစ်ဇ်မီရ်စီရင်စု အနောက်ဘက်ပိုင်း ကမ်းခြေဒေသတွေမှာ တောမီးလောင်ကျွမ်းမှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံလူနှစ်ယောက် သေဆုံးခဲ့ပါတယ်။ တောမီးဟာ သဘာဝအလျောက် လောင်ကျွမ်းတာမျိုးမဟုတ်ဘဲ မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခဲ့တာဖြစ်ပါတယ်"ဟု တူကီယဲပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဒန်နူဘီမြစ်ရေ ကျဆင်းမှုကြောင့် သဘော်များ ဖြတ်သန်းသွားနိုင်ခြင်းမရှိတော့ကြောင်း HungaroMet က ထုတ်ပြန်

**ဘူဒါပတ် ဇူလိုင် ၆**

ဟန်ဂေရီနိုင်ငံတွင် ရာသီဥတုပူပြင်းမှုကြောင့် အပူချိန်မြင့်တက်ပြီး မိုးရေချိန်နည်းပါးစွာ ရွာသွန်းခဲ့ခြင်းကြောင့် ဒန်နူဘီမြစ်ဝှမ်း ရေပမာဏကျဆင်းမှုဖြင့် ရင်ဆိုင်နေရပြီး သဘော်များဖြတ်သန်းမောင်းနှင်နိုင်ခြင်း မရှိတော့သည့် အခြေအနေဖြင့် ရင်ဆိုင်နေရကြောင်း ဟန်ဂေရီမိုးလေဝသညွှန်ကြားရေးဦးစီးဌာန HungaroMet က ထုတ်ပြန်ခဲ့သည်ဟု ဇူလိုင် ၅ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဒန်နူဘီမြစ်သည် ဥရောပတိုက်၏ အရှည်လျားဆုံးမြစ်များစာရင်းတွင် ပါဝင်နေသည့်မြစ်ဖြစ်သကဲ့သို့ ဟန်ဂေရီနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဂေဟစနစ်များအတွက် အရေးပါသည့်မြစ်တစ်စင်းလည်းဖြစ်ကြောင်း၊ မိုးရေချိန်နည်းပါးစွာ ရွာသွန်းခဲ့သကဲ့သို့ အပူချိန် မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး နွေရာသီကာလတစ်လျှောက်လုံး အပူလှိုင်း ဖြတ်သန်းခဲ့ကြောင်း၊ အပူချိန်ပမာဏ ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ခြင်းကြောင့်လည်း အပူချိန်မြင့်တက်မှုနှင့် ဆက်စပ်သည့် ရိုက်ခတ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"ဟန်ဂေရီနိုင်ငံရဲ့ ရာသီဥတုအခြေအနေအရ ဇွန်လဟာ ဟန်ဂေရီနိုင်ငံရဲ့ မိုးရေချိန်အမြင့်ဆုံးရွာသွန်းတဲ့ လတစ်လဖြစ်ပါတယ်။ ဒါပေမဲ့လဲ ဒီနှစ်ဇွန်လအတွင်းမှာ မိုးရေချိန် အရမ်းကိုနည်းပါးခဲ့တယ်။ အပူချိန်မြင့်တက်မှုနဲ့ ဆက်စပ်ပြီးတော့လဲ မြေအောက်ရေအရင်းအမြစ်တွေ ခန်းခြောက်လာတဲ့အတွက်ကြောင့် ဒန်နူဘီမြစ်ရေပမာဏ သိသိသာသာကျဆင်းလာတယ်။ ဇော့ဘ်ဇရိယာအနီးမှာ သဲသောင် ထွန်းတဲ့အထိဖြစ်ပေါ်ခဲ့ပါတယ်။ ရေပမာဏကျဆင်းမှုကြောင့် သဘော်တွေဖြတ်သန်းသွားလာလို့မရတော့တဲ့ အခြေအနေမျိုးထိဖြစ်ပေါ်နေပါတယ်"ဟု Hun-garoMet မှ ပြောရေးဆိုခွင့်ရှိသူ မာတာဗို့စကီးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တရုတ်နိုင်ငံတွင်ဖြစ်နေသော တိုင်ဖွန်းမုန်တိုင်း Danas အဝါရောင်သတိပေးချက် ထပ်တိုးထုတ်ပြန်

**ပေကျင်း ဇူလိုင် ၆**

တရုတ်နိုင်ငံတွင်ဖြစ်နေသော တိုင်ဖွန်းမုန်တိုင်း Danas နှင့်ပက်သက်ပြီး အဝါရောင်သတိပေးချက်ကို ထပ်တိုးထုတ်ပြန်ခဲ့သည်ဟု တရုတ်အမျိုးသားမိုးလေဝသဌာန (NMC)က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်း Danas ကြောင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ဖြစ်ပေါ်နေပြီး မုန်တိုင်းအဝါရောင်သတိပေးချက်ကို ဇူလိုင် ၇ ရက်ထိထပ်တိုး ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် တိုင်ဖွန်းမုန်တိုင်းသည် မြောက်လတ္တီတွဒ် ၂၂ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၁၈ ဒသမ ၁ ဒီဂရီတွင်တည်ရှိပြီး လေတိုက်နှုန်း တစ်နာရီလျှင် ၁၅ ကီလိုမီတာနှုန်းဖြင့်တိုက်ခတ်ကာ အားကောင်းနေကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာန(NMC)မှ သိရသည်။

မုန်တိုင်းသည် ယနေ့တွင် ထိုင်ဝမ်ကျွန်း၏ရေလက်ကြားကို ဖြတ်ကျော်ဝင်ရောက်ကာ ကျွန်းအနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းပိုင်းသို့ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းရသည်။

မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မိုးရေချိန် မီလီမီတာ ၂၃၀ ထိ ရွာသွန်းနိုင်သည့်အပြင် ပင်လယ်ပြင်တွင်လည်း လှိုင်းကြီးနိုင်ကြောင်း တရုတ်အမျိုးသားမိုးလေဝသဌာန (NMC) က ခန့်မှန်းထားသည်။

Ref : Xinhua News

Trs : KZ



# ဘေးဖြစ်စေသော တညင်းသီး

ပေါက်ပေါက်

တညင်းသီးကို အင်္ဂလိပ်ဘာသာဖြင့် Djenkol–Bean, JenkolBean, JeringBean ဟု လူသိများပြီး၊ ရုက္ခဗေဒအမည်မှာ Archiderdronpacucillorum ဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများတွင်သာ တွေ့ရလေ့ရှိပြီး မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် အဓိက စားသုံးလေ့ရှိကြသည်။ လေ့လာမှုမှတ်တမ်းများအရ တညင်းသီးကို မြန်မာတို့စားသုံးခဲ့သည်မှာ နှစ်ပေါင်း ၂၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ မြန်မာ့တညင်းသီးများကို အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံဈေးကွက်သို့လည်းပို့ကုန်သီးနှံအဖြစ် အောင်မြင်စွာ ထိုးဖောက်လျက်ရှိနေသည်။

တညင်းသီးသည် မိုးဥတုတွင် လှိုင်လှိုင်ပေါ်တတ်သော ရာသီစာအသီးတစ်မျိုးဖြစ်သည်။ စိုစွတ်သော တောင်ပေါ်ဒေသများတွင် ပေါက်လေ့ရှိပြီး များသောအားဖြင့် မေလမှစ၍ ခူးဆွတ်လေ့ရှိသည်။ မြန်မာနိုင်ငံ၏ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှ ထွက်ရှိသည်။

တညင်းသီးသည် ခံတွင်းပျက်ပြီး စားချင်သောက်ချင်စိတ်မရှိသူကို တညင်းသီး၏ စေးထန်း၍ ဖန်ပြီးစပ်သောအရသာတို့က လျှာပေါ်ရှိ အရသာဖုများကို နိုးကြားစေကာ စားချင်သောက်ချင်စိတ်ဖြစ်ပေါ်ခံစားလာစေသည်။ ထို့ကြောင့် တညင်းသီးကို နှုတ်မြိန်သော အစားအစာဖြစ်သည်ဟု ဆိုနိုင်သည်။ တညင်းသီးကြိုက်တတ်သူများအတွက် မိုးရာသီရောက်မှသာ လှိုင်လှိုင်စားရသည့် ရာသီစာသီးနှံတစ်မျိုးဖြစ်သည်။

**တညင်းသီးစားဖွယ်စုံ**

တညင်းသီးကို ပြုတ်၍သော်လည်းကောင်း၊ မီးဖုတ်၍ သော်လည်းကောင်း၊ တညင်းသီးနုနုကို ဆားရည်စိမ်၍သော်လည်းကောင်း ငါးပိရည်အတို့အမြှုပ်အဖြစ်ပါစားကြသည်။ တညင်းသီးပြုတ်ကို ဆီဆမ်းဆားဖြူး၍စားခြင်း၊ တညင်းသီးပြုတ်ကိုထောင်းထု၍ ဝက်သားဖြင့် ဆီပြန်ချက်ခြင်း၊ တညင်းသီးပြုတ်ကို ပါးပါးလှီး၍ လက်ဖက်သုပ်တွင် ထည့်စားခြင်း၊ တညင်းသီးရင့်ရင့်ကို စိုစွတ်သော သဲတွင်နှစ်ထား၍ အစို့အညှောက်ထွက်လာသည်အထိ တညင်းဝက်ပြုလုပ်ကာ ကြော်၍တစ်မျိုး မီးဖုတ်၍တစ်ဖုံ အမျိုးမျိုးစားခြင်း၊ တညင်းသီးပြုတ်ကို ထောင်းကြိတ်ကာ အုန်းနို့ဆမ်း၍ တညင်းသီးအုန်းနို့ဆမ်းအဖြစ်လည်း မြိန်ရှက်စွာ စားသောက်ကြသည်။

**တညင်းသီးအဆိပ်သင့်ခြင်း**

တညင်းသီးစားခြင်းကို ကျန်းမာရေးရှုထောင့်အရ လုံးဝလက်မခံသင့်သော အစားအစာဖြစ်သည်။

တညင်းသီးတောက်ခြင်း သို့မဟုတ် တညင်းသီးအဆိပ်သင့်ခြင်းကို ဆေးပညာအရ Djenkolism ဟုခေါ်သည်။ တညင်းသီးတွင် လူကို အကျိုးပြုသော ဗီတာမင်ဓာတ် လုံးဝပါဝင်မှုမရှိဘဲ ဒုက္ခပေးနိုင်သော ဂျန်ကောလစ်အက်စစ် (Djenkolic Acid) ခေါ် အဆိပ်ဓာတ် သုညဒသမ ၃ ရာခိုင်နှုန်းမှ ၁ ဒသမ ၃ ရာခိုင်နှုန်းထိ ပါဝင်နေသည်။ ထို့ကြောင့် တညင်းသီးသည်အဆိပ်သင့်တတ်သော အစားအစာတစ်ခုဖြစ်သည်။ တညင်းသီးအဆိပ်၏ ဖွဲ့စည်းပုံမော်လီကျူးက အပ်ချောင်းပုံလေးတွေကို ပုတီးကဲ့သို့ သီထားသော ပုံသဏ္ဌာန်ဖြစ်ကာရှည်လျားပြီး တစ်ခုနှင့်တစ်ခု အလွယ်တကူချိတ်တွယ်နိုင်သည်။

တညင်းသီးတွင်ပါရှိသော အဆိုပါ ဂျန်ကောလစ်အက်စစ် (Djenkolic Acid) သည် ကျောက်ကပ်အတွင်းရှိ ပြွန်ငယ်ကလေးများ၊ ဆန်ခါငယ်ကလေးများအတွင်း၌ အပ်ချောင်းပုံသဏ္ဌာန် ပုံဆောင်ခဲများဖြစ်ပေါ်လာပြီး ကျောက်ကပ်၏ လုပ်ဆောင်ချက်များကို ထိခိုက်ပျက်စီးစေနိုင်သည်။ အဆိုပါ ဂျန်ကောလစ်အက်စစ်သည် စားသောက်ပြီးနောက် ၂ နာရီမှ ၁၂ နာရီအတွင်း ကျောက်ကပ်အတွင်းရှိ ပြွန်ငယ်လေးများအတွင်းရောက်ရှိသွားပြီး အနည်အမှုန်များ ကပ်ငြိစေကာ စတင်အန္တရာယ်ပြုသည်။ ထို့နောက် ပုံဆောင်ခဲများဖြစ်ပေါ်လာပြီး ဆီးအတွင်းပုံမှန်စွန့်ထုတ်ရန် မပျော်ဝင်နိုင်ဘဲ ကျောက်ကပ်အတွင်းရှိ ပြွန်ငယ်၊ ဆန်ခါငယ်များ ပေါက်ပြဲခြင်း၊ ပိတ်ဆို့ခြင်းများဖြစ်ပေါ်လာသည်။

ထိုအခါ ရောဂါလက္ခဏာများဖြစ်သည့် ခါးနာခြင်း၊ ဗိုက်နာခြင်း၊ အန်ခြင်း၊ ဆီးကျဉ်ခြင်း၊ ဆီးအိမ်တစ်ဝိုက်ကိုက်ခဲခြင်းနှင့် ဆီးအတွင်းသွေးပါသည်အထိ ခံစားရနိုင်သည်။ ထိုအချိန်တွင် ဆေးကုသ



မှုမခံယူဘဲ တညင်းသီးများ ထပ်မံစားသုံးခြင်းများရှိပါက ဆီးလုံးဝမသွားတော့ဘဲ ကျောက်ကပ်ပျက်စီးထိခိုက်သည်အထိ ဆိုးရွားစေနိုင်သည်။

**တညင်းသီးကြောင့် ကျောက်ကပ်ပျက်စီးခြင်း**

တညင်းသီးစားပြီးနောက် ကျောက်ကပ်ပျက်စီးသွားပါက အောက်ဖော်ပြပါ လုပ်ငန်းကိစ္စရပ်များ ပြုလုပ်ရန် ခက်ခဲလာသည်။

ကိုယ်ခန္ဓာမှစွန့်ထုတ်သည့် မလိုလားအပ်သော ဓာတုပစ္စည်းများကို ဆီးအနေဖြင့် မစွန့်ထုတ်နိုင်တော့ခြင်း။ (ပုံမှန်အားဖြင့် နေ့စဉ်ကျောက်ကပ်အတွင်းသွေး ၁၇၀ လီတာပမာဏရှိသောသွေးများ ဖြတ်သန်းသွားပြီး ကျောက်ကပ်အတွင်းရှိသန်းပေါင်းများစွာသော ဆန်ခါငယ်များဖြင့် အဆိပ်အတောက်များကို စစ်ထုတ်သန့်စင်ပေးနိုင်သည်)

သွေးနီဥထုတ်လုပ်သည့်လုပ်ငန်းတွင် အဓိကလိုအပ်သော အရီသရိုပိုအိုင်တင် (Erythropoietin) ကို ထုတ်လုပ်ပေးခြင်းများ အားနည်းလာခြင်း သို့မဟုတ် မလုပ်ဆောင်နိုင်ခြင်း။

အရိုး၊ အဆစ်များကြီးထွားသန်မာစေရန် အဓိကလိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များ ထုတ်လုပ်ရန် ခက်ခဲလာခြင်း။

သွေးပေါင်ချိန် ပမာဏထိန်းသိမ်းရာတွင် လိုအပ်သောရီနင် (Renin) ဓာတ်ကို လိုအပ်ချက်ရှိသည့်အချိန်တွင် မထုတ်လုပ်နိုင်ခြင်း။

အထက်ဖော်ပြပါ လုပ်ငန်းများ ပုံမှန်လုပ်ဆောင်ရန် အခက်အခဲများရှိလာပြီး ကျောက်ကပ်မှ မစွန့်ပစ်နိုင်သည့် အညစ်အကြေးများ ကိုယ်ခန္ဓာအနှံ့ရောက်ရှိကာ ကျန်းမာရေးပြဿနာများ ခံစားလာရသည်။ ထို့ပြင် သွေးပေါင်ချိန်မထိန်းနိုင်သဖြင့် နောက်ဆက်တွဲရောဂါလက္ခဏာများ ဖြစ်ပေါ်လာပြီး အရေးပေါ်ဆေးကုသမှု (Emergency Medical Care) ဆောင်ရွက်ရန် လိုအပ်လာသည်ထိ ဆိုးရွားစွာ ခံစားရနိုင်သည်။

သတိပြုရမည့်အချက်မှာ တညင်းသီးကြောင့် ကျောက်ကပ်ထိခိုက်ခြင်းသည် တညင်းသီးအမျိုးအစားပေါ်တွင်လည်းကောင်း၊ ပါဝင်သော သို့မဟုတ် ပျော်ဝင်နေသော ဂျန်ကောလစ် အက်စစ်ပမာဏအချိုးအစားပေါ်တွင်လည်းကောင်း၊ စားသုံးသူများ၏ စားသုံးမှုပမာဏပေါ်တွင်လည်းကောင်း၊ တွဲဖက်စားသုံးသည့် အခြားအစားအသောက်များနှင့် ဓာတ်ပြုမှုပေါ်တွင်လည်းကောင်း၊ စားသုံးသူ၏ ရောဂါအခံရှိ၊ မရှိ သို့မဟုတ် နာတာရှည်ရောဂါခံစားနေရပြီးပုံမှန်စွဲသောက်နေရသည့် ဆေးဝါးများပေါ်တွင်လည်းကောင်း၊ မြန်မာလူမျိုးအများစု၏ တိုင်းရင်းဆေးဝါးသုံးစွဲမှုပေါ်တွင်လည်းကောင်း များစွာမူတည်နေ၍ မည်သည့်ပမာဏစားသုံးပါက ဘေးဥပဒ်ဖြစ်စေနိုင်ခြင်း ရှိ၊ မရှိကို တိကျစွာမရှိကြောင်း သတိပြုမိစေလိုပါသည်။

နိုင်ငံတကာ သုတေသနတွေ့ရှိချက်များအရ တညင်းသီးတွင်ပါဝင်သော ဂျန်ကောလစ် အက်စစ်သည် အပူချိန် ၂၀၀ ဒီဂရီဖာရင်ဟိုက်တွင်သာ စတင်ပျော်ဝင်နိုင်သည်။ ပုံမှန်ရေဆူအမှတ်သည် ၁၀၀ ဒီဂရီဖာရင်ဟိုက်ဖြစ်၍ ချက်ပြုတ်ပြင်ဆင်ကတည်းက မပျော်ဝင်ဘဲပါဝင်လာကာ စားသုံးသူများကို အန္တရာယ်စတင်ဖြစ်စေသည်။

အစာစားသောက်ခြင်းမှ လူသားတို့ခန္ဓာကိုယ်တွင်းဝင်ရောက်လာသော အဆိပ်ကို အသည်းက ပျက်ပြယ်အောင်လုပ်ပေးလေ့ရှိပြီး၊ ကျောက်ကပ်၏ တာဝန်မှာ ခန္ဓာကိုယ်ထဲမှ အညစ်အကြေးများကို စွန့်ထုတ်ပေးသည်။ သို့သော် တညင်းသီးစားပြီးသည့်အခါ ပါဝင်သောအဆိပ်များက သွေးထဲသို့ ဦးစွာရောက်ရှိသွားသည်။ ပြီးမှသာ အသည်းဆီသို့ရောက်လာသည်။ အသည်းက ခန္ဓာကိုယ်ထဲရှိ အဆိပ်များကို ပျက်ပြယ်အောင်လုပ်ပေးနိုင်သော်လည်း တညင်းသီးတွင်ပါရှိသော အဆိပ်ကိုပျက်ပြယ်အောင် မစွမ်းဆောင်နိုင်ပေ။ ထိုအခါအဆိပ်များကို ကျောက်ကပ်က စွန့်ထုတ်ဖို့ကြိုးစားရသည်။ သို့သော် တညင်းသီးအဆိပ်မော်လီကျူးများ တည်ဆောက်မှုပုံစံကြောင့် ဆီးပြွန်ငယ်လေးများ ပိတ်ဆို့တတ်သည်။ ထို့ပြင် အပ်ချောင်းပုံအဆိပ်မော်လီကျူးများ၏ ထိုးစိုက်မှုကြောင့် သွေးကြောလေးများ ပေါက်တတ်သည်။ သို့ဖြစ်ရာ ဆီးထဲသွေးပါခြင်း၊ ဆီးချုပ်ခြင်း၊ ဆီးနည်းခြင်း စသည်တို့ဖြစ်ပေါ်ခံစားရသည်။ အဆိုးဆုံးသော အခြေအနေတွင် ဆီးလမ်းကြောင်းပိတ်ပြီး ဆီးလုံးဝသွားမရဖြစ်လာသည်။

ကျောက်ကပ်နှစ်ခုစလုံးက ဆီးမထွက်နိုင်သဖြင့် ဆီးအိမ်တင်းလာပြီး မခံမရပ်နိုင်အောင်နာကျင်လာမည်။ သွေးထဲတွင် Urea နှင့် အဆိပ်အတောက်များလာပြီး ဆေးရုံကိုအချိန်မီ တက်ရောက်ကုသမှုမခံယူပါက အသက်သေဆုံးနိုင်သည်။ ထိုဖြစ်စဉ်ကို ရုတ်တရက်ကျောက်ကပ်ပျက်စီးခြင်း (Acute Renal Failure) ဟုခေါ်သည်။ ကျောက်ကပ်သန့်စင်စက် (Renal Dialysis) နှင့် အချိန်မီကုသနိုင်မှသာ အမြန်ဆုံးသက်သာနိုင်မည်။

**မြန်မာနိုင်ငံနှင့် တညင်းသီးအဆိပ်သင့်ပြဿနာ**

တညင်းသီး ပေါပေါများများရနိုင်သော စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့တွင် တညင်းသီး အဆိပ်သင့်မှု အများဆုံးတွေ့ရသည်။ မိုးရာသီတွင် အဆိုးဆုံးဖြစ်ပြီး နှစ်စဉ်အဆိပ်သင့်မှုကြောင့် အသက်ဆုံးရှုံးမှုရှိသည်။ အထူးသဖြင့် အဆိပ်သင့်သောအခါ ဆေးရုံတက်ရောက်ပြီး စနစ်တကျကုသမှု မခံယူနိုင်ပါက သေဆုံးဖို့အခွင့်အလမ်းပိုများသည်။

**အန္တရာယ်ဖြေလျှော့၍ စားသုံးနည်း**

တညင်းသီးသည် ကျောက်ကပ်ကျန်းမာရေးအတွက် ဘေးထွက်ဆိုးကျိုးများလှသော်လည်း၊ မစားရမနေနိုင် ခံတွင်းတွေ့သူများအတွက် အန္တရာယ်ဖြေလျှော့စားသုံးနည်းလမ်းများကို အောက်ပါအတိုင်း ဖော်ပြပေးလိုသည်–

တညင်းသီးတွင်ပါရှိသော အဆိပ်သည် ရေတွင်အနည်းငယ်သာ ပျော်ဝင်နိုင်သည့် အဆိပ်မျိုးဖြစ်ပြီး၊ ပျော်ဝင်နှုန်းက သုညဒသမ ၅ ရာခိုင်နှုန်းမျှသာဖြစ်သည်။ တညင်းသီးကို ပြုတ်လိုက်လျှင် အဆိပ်ဓာတ်အနည်းငယ်သာ ပျော်ဝင်ပြီး ပြည့်ဝသွားသည့်အတွက် အဆိပ်များထပ်ပြီး ရေတွင်မပျော်ဝင်နိုင်တော့ပေ။ ထို့ကြောင့် ရေဖြင့်ပြုတ်သည့်အခါ တစ်ကြိမ်တည်းနှင့် မလုံလောက်နိုင်ပေ။ အနည်းဆုံး သုံးကြိမ်မှ ငါးကြိမ်အထိ ရေများများဖြင့် ပြုတ်ပေးရပါမည်။ ပြုတ်ပြီးနောက် တညင်းသီးပြုတ်ရေများကိုလည်း သွန်ပစ်ပြီး ရေအသစ်ဖြင့် ထပ်မံပြုတ်ပေးရမည်။ ဤနည်းဖြင့် အန္တရာယ်အတော်အသင့်လျော့ပါးသွားနိုင်သည်။ တညင်းသီးအဆိပ်သည် ၃၀၀ ဒီဂရီစင်တီဂရိတ်ကျော်မှသာ ဓာတ်ပြယ်ပျက်စီးနိုင်သည်။ ရေဆူမှတ်သည် ၁၀၀ ဒီဂရီစင်တီဂရိတ်သာရှိသောကြောင့် မည်သည့်နည်းနှင့်မျှ ဓာတ်မပြယ်နိုင်ပေ။

တညင်းသီးကို မီးဖုတ်၍ လုံးဝမစားသင့်ပေ။ အကယ်၍ မီးဖုတ်စားသည့်အခါ အဆိပ်များက ဓာတ်လည်းမပြယ်၊ အပြင်လည်းမရောက်တော့ဘဲ ၁၀၀ ရာခိုင်နှုန်းပြည့် ခန္ဓာကိုယ်တွင်းရောက်ရှိနေပြီး ဒုက္ခကြီးစွာ ပေးလေတော့သည်။

တညင်းသီးအဆိပ်သည် ဆားရည်တွင် အလွယ်တကူပျော်ဝင်နိုင်သည်။ ဆေးသိပ္ပံနည်းအရ PH များလေလေပျော်ဝင်မှု Solubility များလေလေဖြစ်သည်။ ထို့ကြောင့် တညင်းသီးစားသုံးနည်းမျိုးစုံအနက် ဆားရည်စိမ်စားခြင်းက အဆိပ်များကို အတော်အတန်လျော့နည်းသွားသဖြင့် အန္တရာယ်အနည်းဆုံးဟု ဆိုနိုင်သည်။

နိဂုံးချုပ်ဆိုရသော် အနံ့ပြင်းပြင်း၊ အဆိပ်ပြင်းပြင်း တညင်းသီးကို စားပြီးသောအခါ ခံတွင်းနံ့၊ ဆီးနံ့၊ ဝမ်း(မစင်)နံ့ခြင်းက ခန္ဓာကိုယ်တွင်း အဆိပ်များဝင်နေပြီဖြစ်ကြောင်း လက်တွေ့ဖော်ပြနေပါသည်။ အထူးသဖြင့် မျက်စိနာနေချိန် တညင်းသီးလုံးဝမစားသင့်ပေ။ သွေးတိုးရောဂါရှိသူများနှင့်လည်း မတည့်ပေ။ မကြာခဏ ဝမ်းချုပ်တတ်သူများအနေဖြင့် တညင်းသီးမစားသင့်ပေ။ ထို့ကြောင့် တညင်းသီးစားပြီးနောက် ခန္ဓာကိုယ်ကိုလည်း ဒုက္ခပေးသလို၊ ရေအိမ် (Toilet) ထဲမှာလည်း အနံ့ဆိုးပေးသော "အဆိပ်သီး"ကို စားသုံးခြင်းမှ ရှောင်ရှားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family



နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



## ဝန်ထမ်းအလိုရှိသည်

၁။ ယာဉ်မောင်း + ဆိုင်ကူ အမျိုးသား (၃)ဦး
၂။ အရောင်း + စာရင်းကိုင် အမျိုးသမီး (၃)ဦး
၃။ ဆိုင်ကူ အမျိုးသား (၃)ဦး
၄။ ကွန်ပျူတာစာရင်းကိုင် အမျိုးသမီး (၂)ဦး

Excel ကျွမ်းကျင်၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။

လစာ ၂၈၀၀၀၀ + ရက်မှန်ကြေး + ခံစားခွင့်

လိုအပ်သောစာရွက်စာတမ်းများ ယူဆောင်၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

Kedia lights လျှပ်စစ်

အမှတ်(283) ၈၁ လမ်း၊ (၂၆ x ၂၇) လမ်းကြား



### ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ဖားအောက်တောရကျောင်ဂနိုင်နေ ဦးဉာဏဇေ (ဘ) ဦးထွန်းကြည်(၉/မဟမ(သ)၀၀၄၇၉၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-153329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၉၂၃၅၉၃၁



### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကျပ်ပြင်ကျေးရွာနေ ဦးမျိုးမြင့် (ဘ) ဦးရင်အယ် (၉/မကန(နိုင်)၁၇၈၂၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC-028154)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၂၆၀၄၃၆၈



### ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ကျပ်ပြင်ကျေးရွာနေ ဒေါ်မိုးမိုးခိုင် (ဘ) ဦးရှုံးဆင် (၁၃/လရန(နိုင်)၁၉၃၄၉၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၇၂၈၈၆၈



## သင့်သွေးဖြင့် အသက်ကယ်ပါ


# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro–gramme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ တိုင်းပြည်တစ်ပြည်တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များပေါကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာစိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သော ၇၇ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# KNPP၊ KNDFအဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီသိမ်းပိုက်ထားသည့် မိုးဗြဲမြို့ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘီလူးချောင်းတံတား(မိုးဗြဲ)အား သိမ်းပိုက်ပြီးမှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဇူလိုင် ၆

KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ်အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ပညာရေးဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ရယူ၍အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ၌ စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီးများ အကူအညီဖြင့် တပ်မတော်စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ၊ ဆရာမများကို ဖမ်းဆီးခေါ်ဆောင်ခြင်းများဆောင်ရွက်ခဲ့ပြီး

စာမျက်နှာ ၂၂ ကော်လံ ၁☆

**မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ- ၁၈

**ရေဦးမြို့နယ်တွင် နွေစပါး ၃၂၆၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ် တစ်ကေလျှင် ၇၈ ဒသမ ၁၂ တင်း ထွက်ရှိ**

စာမျက်နှာ- ၃

**အမျိုးသားရေးတာဝန် ကျေပွန်ဖို့ သစ်ပင် စိုက်ပျိုးကြပါစို့**

ဆောင်းပါး စာမျက်နှာ- ၁၀

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ**

နေပြည်တော် ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

